ကြေးမုံ
The Mirror Daily
သစ္စာရှိ ခြင်္သေ့ တွင် စတင်ထုတ်ဝေခဲ့သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 11 August 2020 ၁၀၁၀၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ - ၂၀၁၉ စည်းကြပ်နှစ် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၀

၂၀၁၈ - ၂၀၁၉ စည်းကြပ်နှစ် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ အခမ်းအနားသို့ ကြွရောက်လာကြသူများသည် နိုင်ငံတော်အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ တာဝန်ကျေပွန်စွာ ဝိုင်းဝန်းပံ့ပိုးနေကြသူများ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံပြီး အသိအမှတ်ပြု ဂုဏ်ပြုစကား ပြောကြားခွင့်ရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း။

နိုင်ငံတစ်ဝန်း အခွန်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်း ၁၀၀၀ စာရင်းကို အခွန်အသိ၊ အခွန်ယဉ်ကျေးမှုမြင့်မားလာစေရေးအတွက်ဦးတည်ပြီး နိုင်ငံတော်အနေဖြင့် နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

**ကန့်သတ်ဖိတ်ခေါ်**

အခွန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကို ဖိတ်ကြားတွေ့ဆုံဂုဏ်ပြုလိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကန့်သတ်ဖိတ်ခေါ်ရခြင်း ဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားကို မတက်ရောက်နိုင်သူများ၊ ဖိတ်ကြားခြင်း မပြုနိုင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် အခွန်အများဆုံး ထမ်းဆောင်သည့် အခွန်ထမ်း ၁၀၀၀ စာရင်းတွင် မပါဝင်သော်လည်း အခွန်ဆိုင်ရာတာဝန်များကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ - ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သော မြန်မာကုမ္ပဏီဖြစ်သည့် ဥရောပ အာရှကော်မာရှယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစိန်မြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၁၂

မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၈၈ ဦး ဆက်လက်ဝင်ရောက်

စာမျက်နှာ » ၁၆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၇

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## အရှုံးကိုကျော်ဖြတ်၍ အောင်မြင်မှုခရီးဆက်

လောကလူသားများသည် မိမိတို့ရည်မှန်းရာ ရည်ရွယ်ရာတစ်ခုဆီသို့ လှမ်းတက်ကြရာ၌ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုဟူသည့် ရလဒ်တစ်ခုခု ရရှိကြစမြဲပင်။ အောင်မြင်လျှင် ဝမ်းမြောက်ပီတိဖြစ်၊ ရှုံးနိမ့်လျှင် ဝမ်းနည်းပူဆွေးဖြစ်ကြသည်မှာ လောကဓမ္မတာသာဖြစ်သည်။ အဓိကမှာ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းထက် မိမိ၏ရည်မှန်းရာပန်းတိုင်ကို မျက်ခြည်အပြတ်မခံဘဲ မရောက်ရောက်အောင် လှမ်းတက်မည်ဆိုသည့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ ထက်သန်ဖို့သာ လိုရင်းဖြစ်သည်။

ပြီးခဲ့သည့် မတ်လက ဖြေဆိုခဲ့ကြသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းအား ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံစာစစ်ဦးဌာန အွန်လိုင်းစာမျက်နှာမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ခဲ့ရသည်။ အခြေခံပညာအဆင့်တွင် နောက်ဆုံးအဆင့်အောင်မြင်မှုရလဒ်တစ်ခုသည် ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများသာမက ၎င်းတို့၏မိသားစုများပါ ဝမ်းမြောက်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်းအဖြေတစ်မျိုးမျိုးကို ရရှိခဲ့ကြလေသည်။ အောင်မြင်ကြသူများမှာ ရှေ့သို့တက်လှမ်းကြ၍ ရှုံးနိမ့်ကြသူများမှာ စိတ်မပျက်ဘဲ ဆက်၍ကြိုးစားနိုင်ကြစေရန် အားပေး၊ အားမွေးကြရပေမည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသားကျောင်းသူ ၉၁၀၂၂၉ ဦး ရှိခဲ့သည့်အနက် ၂၉၁၇၉၈ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၀၆ ရာခိုင်နှုန်း ရှိလေသည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို အွန်လိုင်းမှ ထုတ်ပြန်နိုင်ခဲ့ရာ ဖြေဆိုခဲ့ကြသူများအတွက် အပန်းမကြီး အခက်အခဲမရှိဘဲ မိမိတို့၏ဘဝအတွက် အဖြေတစ်ခုကို သိခဲ့ကြလေသည်။

ဖြေဆိုခဲ့ပြီးသော တက္ကသိုလ်ဝင်စာမေးပွဲသည် အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၀၆ ရာခိုင်နှုန်းရှိသဖြင့် သုံးသိန်းနီးပါး စာမေးပွဲအောင်မြင်ကြပြီး စာမေးပွဲကျရှုံးသူ ကျောင်းသား ကျောင်းသူ ခြောက်သိန်းကျော် ရှိပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူ တစ်သန်းနီးပါးသည် စာမေးပွဲအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းနှင့် ပတ်သက်၍ ၎င်း၏ဘဝအကြောင်း အမျိုးမျိုးအဖုံဖုံတို့အပေါ်တွင် မူတည်ပေသည်။ ယင်းကြောင့် စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်သူ၊ ထူးချွန်သူများ ရှိသလို တစ်ကြိမ်ကျ၊ နှစ်ကြိမ်ကျနှင့် ဘဝအခြေအနေမပေးတော့၍ စိတ်ပျက်လက်လျှော့ လမ်းကြောင်းပြောင်းလိုက်၍ ပညာရေးအဆုံးသတ်သွားကြသူများလည်းရှိပေသည်။

မည်သို့ပင်ဖြစ်စေ မိမိတို့၏ဘဝစာမေးပွဲအတွက် အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ အဆုံးမသတ်သင့်ဘဲ ဆက်လက်ကြိုးပမ်း အားထုတ်ကြဖို့လိုပေသည်။ အဓိကမှာ စိတ်ဓာတ်ခွန်အား ကျမသွားဖို့လိုပေသည်။ ကျရှုံးခြင်းရှိလျှင် အောင်မြင်ခြင်းရှိမည်သာ ဖြစ်သည်။ အောင်မြင်သောသူများထက် ကျရှုံးသောသူများ၌ ကိုယ်စီအခက်အခဲများရှိကြမည်သာ ဖြစ်သည်။ မည်သို့သော အခက်အခဲရှိသည်ဖြစ်စေ ရည်မှန်းချက် ပျောက်ပျက်မသွားဖို့ အရေးကြီးသည်။ ရည်မှန်းချက် မပျောက်ပျက်ဘဲ မလျှော့သောဇွဲ၊ လုံ့လဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်ပါက တစ်နေ့နေ့တွင် အောင်မြင်မှုကို ရရှိမည်မှာ မလွဲအမှန်ဖြစ်ပါသည်။ အဓိကမှာ မိမိတို့၏ ဘဝအတွက်၊ မိမိတို့၏ ပညာရေးအတွက် ရပ်တန့်မပစ်ဖို့ လိုရင်းဖြစ်သည်။

ဘဝတစ်ခုကို ဖြတ်သန်းသည့်အခါ အနိမ့်ဆုံး တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ထားသင့်သည်။ ပြီးမှအခြေအနေပေးလျှင် မိမိနှစ်သက်ရာ၊ မိမိရည်မှန်းရာ ဘာသာရပ်တစ်ခုခုကို ဆက်လက်ဆည်းပူးအားထုတ်သင့်ပါသည်။ အမှန်တကယ်တွင် ဘာသာရပ်၊ အဆင့်အတန်းတို့သည် သတ်မှတ်ချက်တစ်ခုသာဖြစ်ပြီး အဓိကမှာ မိမိကျင်လည်ဖြတ်သန်းမည့်ဘဝတစ်ခုတွင် မိမိရရှိထားသော ပညာအဆင့်အတန်းဖြင့် ထူးချွန်ပြောင်မြောက်ခြင်း၊ အတွေးအမြင် မှန်ကန်ကောင်းမွန်ခြင်း၊ တိုင်းပြည်နှင့်လူမျိုး၊ အများအကျိုးကို ထိထိရောက်ရောက် သယ်ပိုးနိုင်ခြင်းသည်သာ လိုရင်းဖြစ်သည်။ ထိုသို့စွမ်းဆောင်နိုင်ရန်အတွက် မိမိစိတ်ဆန္ဒ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှုတို့သည် လိုရင်းဖြစ်၍ အားပျော့စိတ်လျှော့စရာအကြောင်း ရှိမည်မဟုတ်ပေ။

သို့ဖြစ်ရာ မိမိတို့၏ ကျောင်းစာမေးပွဲဖြစ်စေ၊ ဘဝစာမေးပွဲတွင်ဖြစ်စေ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းတို့သည် အဓိကမဟုတ်ပေ။ မိမိတို့၏မလျှော့သော ဇွဲ၊ လုံ့လဖြင့် မိမိတို့ရည်မှန်းရာပန်းတိုင်သို့ မရောက်ရောက်အောင် မဖြစ်မနေ ကြိုးစားအားထုတ်မည်ဆိုသည့် ပြင်းပြသောစိတ်ဓာတ်ခွန်အားများ ရှိနေမည်ဆိုပါက မိမိတို့၏ဘဝတစ်လျှောက်တွင် အောင်မြင်မှုများ အကြိမ်ကြိမ်ရရှိမည်ဟု ယုံကြည်သင့်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်ပြီး ငါးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေးနှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် TBEA Electrical and Powering Co., Ltd. က နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် TBEA Electrical and Powering Co., Ltd. က နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကောင်စစ်ဝန် Mr. Tan Shu Fu နှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း တို့က အမှာစကားပြောကြားပြီး TBEA Electrical and Powering Co., Ltd. မှ အထွေထွေမန်နေဂျာ Mr. Liu Zhi Fei က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကောင်စစ်ဝန် Mr. Tan Shu Fu နှင့် TBEA Electrical and Powering Co., Ltd. မှ အထွေထွေမန်နေဂျာ Mr. Liu Zhi Fei တို့က နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။




ယနေ့လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် TBEA Electrical and Powering Co., Ltd. က ငွေကျပ်သိန်း ၁၂၀ တန်ဖိုးနှင့် ညီမျှသော နှာခေါင်းစည်း တစ်သိန်းခွဲကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-မင်းသစ်(MNA)
ဓာတ်ပုံ-ဇော်မင်းလတ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၂,၇၁၆ | ၂၇,၃၈၂,၅၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၃,၀၂၁ | ၁၁,၃၃၈,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၂၁၂ | ၁,၆၉၆,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၁,၅၀၀ | ၃၀၇ | ၆,၆၇၇,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၈၂၇ | ၂,၂၇၅,၅၀၀ |
| EFR | ၃,၁၀၀ | ၂,၉၀၀ | ၁၆ | ၄၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၀

ရန်ကုန်(ရွှေဈေး) ၁၃၃၂၀၀၀ မန္တလေး(ရွှေဈေး) ၁၃၃၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၀/၄၈၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၅/၄၅၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၈၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၂၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၇.၅၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၄.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ကျေပွန်စွာလိုက်နာပြီး အခွန်ထမ်းဆောင်ခဲ့ကြသူများကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ နောင်တွင်လည်း စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် မိမိတို့တိုင်းပြည်နှင့် ပြည်သူများကို အကျိုးပြုနိုင်ကြပါစေဟု ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် “နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်”ဟု အခွန်နှင့်ပတ်သက်ပြီး မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

### အသင့်တော်ဆုံးနည်းလမ်း

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတော်ယန္တရားများ လည်ပတ်နိုင်ရန်အတွက် ဘဏ္ဍာငွေလိုအပ်ပါကြောင်း၊ ဘဏ္ဍာ ငွေရရှိရန် သယံဇာတအရင်းအမြစ်နှင့် ပြည်ပချေးငွေများအပေါ် မှီခိုသည့်နည်းလမ်းထက် အခွန်ကောက်ခံခြင်းကသာ တိုင်းပြည်တစ်ခု၏ မေခရိုစီးပွားရေး တည်ငြိမ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အသင့်တော်ဆုံး နည်းလမ်းဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုကိုလည်း စဉ်ဆက်မပြတ် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

### ပြည်သူ့အကျိုးအတွက်

အခွန်ကောက်ခံခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် လိုအပ်သည့် အသုံးစရိတ်များကို ပြည်သူများကိုယ်တိုင် ထည့်ဝင်သည့် နည်းလမ်းဖြစ်ပါကြောင်း၊ ပြည်သူများထံမှ အခွန်အဖြစ် ကောက်ခံသည့် ငွေကြေးများသည် အစိုးရဘတ်ဂျက်ထဲသို့ ရောက်ရှိသွားပြီး အစိုးရက ပြည်သူ့အကျိုးစီးပွားအတွက် ပြန်လည်အသုံးပြုခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်သည် ပြည်သူများ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းဟုလည်း ဆိုနိုင်ပါကြောင်း။

ပြည်သူများအနေဖြင့် နိုင်ငံတော်ကို တာဝန်ကျေပွန်စွာဖြင့် သတ်မှတ်ထားသည့် အခွန်များပေးဆောင်သည့် အတိုင်း အစိုးရများအနေဖြင့်လည်း အခွန်ထမ်းပြည်သူများ ထည့်ဝင်ထားသည့် အခွန်ငွေများကို ပြည်သူများကိုယ်စား အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာ စီမံသုံးစွဲရန် တာဝန်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကာလရှည်ကြာပျောက်ကွယ်ခဲ့သည့် အခွန်ယဉ်ကျေးမှုကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရှေးအစဉ်အလာအရ “ပြည့်ဝမ်း” ဟုခေါ်ဆိုကြသည့် လုပ်ငန်းရှင်ကြီးများနှင့် နိုင်ငံသားအားလုံး၏ ပံ့ပိုးမှု၊ ကူညီမှုသည်လည်း အဓိကကျပါကြောင်း၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း လုပ်ငန်းငယ်များအနေဖြင့် လက်လှမ်းမမီဖြစ်နေသေးသည့် ကိစ္စရပ်များကို စံနမူနာပြအဖြစ် လမ်းပြခေါ်ဆောင်ပြီး ဆောင်ရွက်ပေးစေလိုပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခွန်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဒုတိယသမ္မတ ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းရှင်များနှင့် လစဉ်တွေ့ဆုံကာ လုပ်ငန်းရှင်များ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာပြီး အချိန်အခါအရအကောင်းဆုံးအနေအထားဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### အခွန်ယဉ်ကျေးမှု

တစ်ဖက်တွင်လည်း ခေတ်နှင့်မလျော်ညီတော့သည့် အခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုစနစ်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအဖြစ် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း၊ ဝင်ငွေခွန်ဥပဒေအသစ် ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အခွန်စနစ်ကို မျှော်မှန်းထားသည့်အတိုင်း ဒီမိုကရေစီစံနှုန်းနှင့်အညီ ဖွံ့ဖြိုးလာပြီး အခွန်ယဉ်ကျေးမှု ထွန်းကားလာရန်ဆိုလျှင် အခွန်စနစ်နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ်၊ ပတ်သက်၊ ဆက်နွှယ်နေသူမှန်သမျှ ရိုးသားဖြောင့်မတ်မှန်ကန်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ ပြည့်ပြည့်ဝဝရှိနေရန် လိုအပ်ပါကြောင်း။

အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအဖြစ် အခွန်ရုံးက စည်းကြပ်သည့်စနစ်အစား အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို ပိုမိုကျယ်ပြန့်စွာ ပြောင်းလဲကျင့်သုံးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နည်းပညာအခြေပြုသည့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကိုလည်း ဆောင်ရွက်လျက်ရှိပြီး ရှေ့ပြေးစီမံချက်အဖြစ် အီလက်ထရောနစ်စနစ်နှင့် အခွန်ပေးဆောင်နိုင်စေရေး၊ အခွန်ကြေညာလွှာတင်သွင်းနိုင်စေရေးတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ယင်းအစီအစဉ်များကို ဆက်လက်တိုးချဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုကာလတွင် Covid-19 ကြောင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် အလုပ်သမားများ၏ အလုပ်အကိုင်ဆုံးရှုံးမှုများကို လျော့ပါးသက်သာစေရေးအတွက်လည်း အခွန်ဆိုင်ရာ သက်သာခွင့်များနှင့် ခုနှိမ်ခွင့်များကို ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

### အခွန်မူဝါဒ

နိုင်ငံတော်အနေဖြင့် အခွန်ရရှိရေး တစ်ခုတည်းကိုသာကြည့်ပြီး အခွန်မူဝါဒများ ချမှတ်ဆောင်ရွက်နေခြင်း မဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်၊ အခြေအနေနှင့် အချိန်အခါများအရ ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်စနစ်ကို ရှင်းလင်းလွယ်ကူခြင်း၊ တရားမျှတမှုရှိခြင်း၊ တိကျမှန်ကန်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ကြိုတင်ခန့်မှန်းနိုင်ခြင်း စသည့် အခြေခံအချက်များနှင့် ပြည့်စုံစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းပြည်တစ်ပြည်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝကို ပိုမိုတိုးတက် ကောင်းမွန်စေရုံသာမက တိုင်းပြည်၏ ဂုဏ်သိက္ခာ၊ တိုင်းပြည်၏ပုံရိပ်ကို ပိုမိုမြင့်တက်လာစေနိုင်ပါကြောင်း လုပ်ငန်းရှင်ကြီးများအနေဖြင့် အခက်အခဲများရှိသော်လည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း အခွန်ပေးဆောင်မှုကို တာဝန်သိစွာ၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ရသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း။

လုပ်ငန်းရှင်ကြီးများ အနေဖြင့် ယခုလို အခွန်တာဝန်ကျေပွန်သည့် အစဉ်အလာကောင်းများကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းကြရန်နှင့် အခြားသော လုပ်ငန်းရှင်များအနေဖြင့်လည်း ယင်းအစဉ်အလာကောင်းများကို အတုယူပြီး အခွန်ဆိုင်ရာတာဝန်များကို ကျေပွန်စွာ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့အနေဖြင့် လုပ်ငန်းရှင်ကြီးများ၊ အခွန်ထမ်းပြည်သူများ၏

စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သော မြန်မာကုမ္ပဏီဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အဖျော်ရည်ယမကာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်မြပွင့်ဖြူအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**ပြည်သူများအနေဖြင့် နိုင်ငံတော်ကို တာဝန်ကျေပွန်စွာဖြင့် သတ်မှတ်ထားသည့် အခွန်များပေးဆောင်သည့်အတိုင်း အစိုးရများ အနေဖြင့်လည်း အခွန်ထမ်းပြည်သူများ ထည့်ဝင်ထားသည့် အခွန်ငွေများကို ပြည်သူများကိုယ်စား အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာ စီမံသုံးစွဲရန် တာဝန်ရှိ . . .**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သော မြန်မာကုမ္ပဏီဖြစ်သည့် ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမင်းတူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် Myanmar Brewery Ltd. CSV Director ဒေါ်မေစံပယ်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

○ စာမျက်နှာ ၃ မှ

လုပ်ငန်းများ နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်ပြီး အဆင့်အတန်းမြင့်မားသည့်၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသည့်၊ မျှတသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများဖြစ်ကြသည့် ဥရောပ အာရှကော်မာရှယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ အီလန်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်သိန်းညွန့်၊ အပြည်ပြည်ဆိုင်ရာ အဖျော်ရည်ယမကာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်မြပွင့်ဖြူ၊ မြဝတီဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ်ဦးယုလွင်၊ သမဝါယမဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ကမ္ဘောဇဘဏ်လီမိတက် Deputy CEO ဦးအောင်ကျော်မျိုး၊ မြန်မာစပျစ်နှင့် အဖျော်ရည်ကုမ္ပဏီလီမိတက် Co-Chairman ဦးအောင်မိုးကျော်၊ ဧရာဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဒန်ကိုထရေးဒင်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်စောသုဝေတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခွန်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိ . . .**

**ဂုဏ်ပြုမှတ်တမ်းလွှာ**

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများဖြစ်ကြသည့် ဒန်ကိုထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ကျော်စံ ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးတင်အောင်ကျော်၊ ပီတီစွမ်းအားထရေးဒင်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးဇင်မင်းအောင်၊ စီးတီးမတ်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိ ဒေါ်ဝင်းဝင်းတင့်၊ အာရှစွမ်းအားကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးသူရကျော်၊ အပြည်ပြည်ဆိုင်ရာ အဖျော်ရည်ယမကာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်မြပွင့်ဖြူ၊ ရွှေဖျိုင်းဖြူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းဇော်၊ ဟေးဒေးအင်နာဂျီထရေးဒင်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထက်ခိုင်ဝင်း၊ မက်(စ်)အင်နာဂျီကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် လီဗီးယားလီမိတက် ဒါရိုက်တာ ဦးစိုးတင့်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် Telenor Myanmar Ltd. Chief Business Officer ဒေါ်ယဉ်ယဉ်ငွေအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများဖြစ်ကြသည့် ဒဂုံအဖျော်ယမကာ ကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမင်းတူ၊ ရှိုင်းရယ်ကလပ်ဘီးဘရေ့(ချ်)ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ခင်လေးနွယ်၊ အက်(စ်)အမ်အမ် ရွှေမြန်မာအဖျော်ယမကာ ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးစိုင်းလှိုင်ဘုန်းအောင်၊ ရောင်နီအရက်ချက်စက်ရုံ ဒါရိုက်တာ ဦးကျော်သိန်းလွင်၊ ဂိုး(လ်)ဒင်း အိုရီယွဲ(န်)တဲ(လ်)လိ(ဖ်) ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်မြင့်မြင့်ဝင်း၊ ဗစ်ထရီမြန်မာဂရု(ပ်)ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဝင်းဆွေ၊ ဗဟိုထုတ်လုပ်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာဦးစိုင်းလျှံ (ခ)ငွေးဝင်း၊ အာရှဖျော်ရည်များကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းဝင်း၊ လင်းလက်ဝင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းကြည်နှင့် ရတနာကြယ်ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးကျော်နိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၅ သို့ ○




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများ ဖြစ်ကြသည့် Moattama Gas Transportation Co.,Ltd. Acting General Manager ဦးစိုးသောင်းမြင့်၊ Telenor Myanmar Ltd. Chief Corporate Affairs Officer Hans Marting Hoegh Henrichsen၊ Taninthayi Pipeline Company LLC (Myanmar Branch) Finance Manager ဒေါ်ခင်မိုးကြူ၊ Myanmar Yang Tse Copper Ltd. Chairman Mr. Zhang Yupeng နှင့် Myanmar Brewery Ltd. CSV Director ဒေါ်မေစံပယ်ဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုလွှာ ချီးမြှင့်**

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်ကြသည့် Telenor Myanmar Ltd. Chief Business Officer ဒေါ်ယဉ်ယဉ်ဌေး၊ Ooredoo Myanmar Ltd. General Accounting Senior Manager ဒေါ်ဝိုင်းရည်မွန်၊ Myanmar Brewery Ltd. Chief Operating Officer ဦးကျော်ကြား၊ Virginia Tobacco Co.,Ltd. Deputy Managing Director ဦးမြင့်ဦးနှင့် Grand Royal Group International Co.,Ltd. Co–Chairman ဦးအောင်မိုးကျော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**မှတ်တမ်းလွှာ ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်ကြသည့် Myanmar Brewery Ltd. Deputy Managing Director ဦးစိုးကျော်သူ၊ Virginia Tobacco Co.,Ltd. Deputy Managing Director ဦးမြင့်ဦး၊ Grand Royal Group International Co.,Ltd. Co–Chairman ဦးအောင်မိုးကျော်၊ Heineken Myanmar Ltd. Corporate Affairs Director ဒေါ်မြတ်ဖြူသက်နှင့် Myanmar Carlsberg Co.,Ltd. Managing Director Mr. Christoph Varik တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် လည်းကောင်း၊ အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ – ၂၀၁၉ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် Myanmar Brewery Ltd. Deputy Managing Director ဦးစိုးကျော်သူအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**နိုင်ငံတော်အနေဖြင့် အခွန်ရရှိရေး တစ်ခုတည်းကိုသာကြည့်ပြီး အခွန်မူဝါဒများ ချမှတ်ဆောင်ရွက်နေခြင်း မဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်၊ အခြေအနေနှင့် အချိန်အခါများအရ ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိ . . .**



# စကားပြန်သင်တန်းအမှတ်စဉ် (၄/၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation)တို့ ပူးပေါင်းဖွင့်လှစ်သည့် စကားပြန်သင်တန်း အမှတ်စဉ် (၄/၂၀၂၀)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အာရှဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားသင်တန်းသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ စကားပြန်အဖြစ် ဆောင်ရွက်လျက်ရှိသူများ အပါအဝင် ဌာနစုမှူး–၂ မှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ အရာထမ်း စုစုပေါင်း ၁၀ ဦး တက်ရောက်မည်ဖြစ်သည်။ သင်တန်းတွင် စကားပြန်ဘာသာရပ်နှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် စကားပြန်ခြင်းနည်းစနစ်များ၊ Note Taking နည်းစနစ်များ၊ Public Speaking ဆိုင်ရာ သိမှတ်ဖွယ်ရာများကို တစ်နေ့လျှင် သုံးနာရီနှုန်းဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖခင်ဒေါက်တာဦးစံဘော်၏ အရိုးခွဲစိတ်ကုသပညာဆိုင်ရာ ဖြည့်ဆည်းလုပ်ဆောင်ချက်အချို့

**ဒေါက်တာမြင့်ဇံ**

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် "ကမ္ဘာသိကျော်ကြားခဲ့သော မြန်မာ့ဂုဏ်ဆောင် အရိုး ခွဲစိတ်ကုဆရာဝန်ကြီး" ဆောင်းပါးကို ဖတ်ရှုရ၍ စာရေး ဆရာတင်မောင်အေး (ကန့်ဘလူ)နှင့် ဆောင်းပါးကို ဖော်ပြပေးသော ကြေးမုံသတင်းစာ စာတည်းအဖွဲ့တို့ကို ကျေးဇူးတင်ပါသည်။

ဆရာတင်မောင်အေး(ကန့်ဘလူ)၏ ဆောင်းပါးတွင် ဖော်ပြခဲ့သော ကျွန်တော့်ဖခင်နှင့် ကျွန်တော့်ဖခင်၏ ဆင်စွယ်ရိုးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရေးသားထားသည့် အချက်အလက်များမှ ကျွန်တော် သတိမမူခဲ့သည့် အကြောင်းအရာ (သို့မဟုတ်) အချက်အလက်တစ်ခုအကြောင်းကို ဦးစွာဖော်ပြလိုပါသည်။

**ဆင်စွယ်သုတေသနလုပ်ငန်း**

ကျွန်တော့်ဖခင် အဓိက ပင်တိုင်တာဝန်ထမ်းဆောင်ခဲ့သည့် မန္တလေးမြို့မှာ ဖခင်၏ သုတေသနလုပ်ငန်းအတွက် (တစ်နည်းဆိုရလျှင်) "ဘူမိနက်သန်"မှန်သော မြေနေရာဒေသဖြစ်ကြောင်းကို ဆရာတင်မောင်အေး (ကန့်ဘလူ)က ထောက်ပြခဲ့ပါသည်။ မန္တလေးမြို့တွင် မြန်မာ့ရိုးရာ လက်မှုပညာရှင်များ၊ ဆင်စွယ်ပန်းပုထုနိုင်သောပညာရှင်များရှိခြင်းကြောင့် ဖခင်ဒေါက်တာဦးစံဘော်၏ ဆင်စွယ်ဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် "ရေကန်အသင့် ကြာအတင့်" ဖြစ်နေကြောင်းကို ဆရာ တင်မောင်အေး(ကန့်ဘလူ)ဆောင်းပါးကို ဖတ်ပြီးမှ "ဟုတ်ပါရှော့လား" ဟု စဉ်းစားမိပါသည်။ ကျွန်တော်၏ ဖခင်ဒေါက်တာဦးစံဘော်သာ မန္တလေးမြို့တွင် ၁၉၅၈ ခုနှစ်မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ (၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ) ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ရသည့် အချိန်ကာလအထိ တာဝန်မထမ်းဆောင်ခဲ့ရပါက ဆင်စွယ်သုတေသနလုပ်ငန်းလုပ်ဆောင်ရန် အနည်းငယ် ကြန့်ကြာပါလိမ့်မည်၊ အခက်အခဲရှိကောင်းရှိခဲ့ပါလိမ့်မည်။

ဖခင်ဒေါက်တာဦးစံဘော်၏ သုတေသနလုပ်ငန်းများအတွက် ဆင်စွယ်ရိုးများကို 'ထုဆစ်' ပြုလုပ်ခဲ့သူမှာ မန္တလေးမြို့နေ ဆင်စွယ်ပန်းပုပညာရှင် ဦးတင်အောင်(၂၀၁၀ ပြည့်နှစ် ကွယ်လွန်) ဖြစ်ပါသည်။ ဦးတင်အောင်ကို ကျွန်တော်မတွေ့ခဲ့ဖူးဟု ထင်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဦးတင်အောင်ကွယ်လွန်ပြီးမှ ဦးတင်အောင်၏သမီးများနှင့် သူတို့၏ မိသားစုများကို ကျွန်တော့်ဖခင်၏ တပည့်အရင်းဖြစ်ခဲ့သူ အရိုးအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးမိတ်၏ မိတ်ဆက်ပေးချက်အရ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် တွေ့ဆုံခွင့်ရခဲ့ပါသည်။

၂၀၁၅ ခုနှစ်ခန့်မှစ၍ ကျွန်တော်သိရှိခဲ့ရသော အချက်အလက်တစ်ခုမှာ ဖခင်ဒေါက်တာဦးစံဘော် ကွယ်လွန်ပြီးမှ ၎င်း၏တပည့်ရင်း၊ တပည့်ဟောင်း၊ လုပ်ဖော်ကိုင်ဖက် အရိုးအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် ပါမောက္ခဒေါက်တာဦးမိတ်တို့က သူကွယ်လွန်သည့် ၁၉၈၄ ခုနှစ်နောက်ပိုင်းမှ နောင်ဆယ်နှစ် (၁၀ နှစ်) ခန့်အထိ တင်ပဆုံရိုးကျိုးသွားသော လူနာများ၏ တင်ပဆုံတွင် ဆင်စွယ်အရိုးကို အစားထိုးပေးခဲ့သော လူနာများရှိသည်ဆိုသောအချက်ပင် ဖြစ်ပါသည်။

ဆရာကြီးဒေါက်တာဦးမိတ်က သူကိုယ်တိုင်ပင်လျှင် ၁၉၈၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်ခန့်အထိ လူနာ ၂၅ ဦးမှ ၃၀ အထိ ၏ အက်ကွဲ၊ ကျိုးပဲ့နေသော တင်ပဆုံတို့တွင် ဆင်စွယ်အရိုးတုများ အစားထိုးလုပ်ဆောင်ခဲ့ကြောင်း ကျွန်တော့်ကို ပြောကြားခဲ့ဖူးပါသည်။ ၁၉၉၄ ခုနှစ်နောက်ပိုင်းတွင်မူ အာဖရိကတိုက်နှင့် အခြားဒေသများတွင် ဆင်များကို ဝိသမလောဘသားများက သတ်ဖြတ်၍ ဆင်စွယ်များကို တရားမဝင်(တရားမဝင်) ရောင်းချမှုများ ပျံ့နှံ့လာ၍ မြန်မာနိုင်ငံတွင်ပင်လျှင် ၁၉၉၃ ခုနှစ်၊ ၁၉၉၄ ခုနှစ်ခန့်များမှစတင်၍ အထူးခွင့်ပြုချက်ရမှသာ အစားထိုးအသုံးပြုနိုင်ပါကြောင်း မလေးရှားနိုင်ငံရောက် မြန်မာအရိုးအထူးကုဆရာဝန်တစ်ဦးက ၁၉၉၃ ခုနှစ်ခန့်တွင် ကျွန်တော့်ကို ပြောကြားခဲ့ပါသည်။

ဆရာကြီးဦးမိတ် ၁၉၉၀ ပြည့်နှစ်လွန်နှစ်များ အစောပိုင်းက ဆင်စွယ်အရိုးတုများ ထည့်သွင်းပေးခဲ့သည့် "လူနာ"များတွင် ယခုတိုင်(၂၀၂၀ ဇူလိုင်လအထိ) အသက်ထင်ရှားရှိနေဆဲ "လူနာဟောင်း" (သို့မဟုတ်) "ယခင်လူနာများ"တွင် အသက်အကြီးဆုံးသူမှာ မန္တလေးမြို့နေ အဘွား ဒေါ်သန်းသန်း (၃ မေ ၁၉၂၃ ဖွားမြင်) ဖြစ်ပါသည်။

အဘွားဒေါ်သန်းသန်းကို ၁၉၉၀ ပြည့်နှစ် အစောပိုင်းက ဆရာကြီးပါမောက္ခဒေါက်တာဦးမိတ်က ဒေါ်သန်းသန်း၏ ကျိုးပဲ့နေသော ဘယ်ဘက်တင်ပဆုံတွင် ဆင်စွယ်အရိုးတုကို အစားထိုးပေးခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ် အစောပိုင်းဟု အဘွားဒေါ်သန်းသန်းနှင့် သူ၏မိသားစုတို့က ယေဘုယျအားဖြင့် မှတ်မိသော်လည်း မည်သည့်ခုနှစ်ကဆိုသည်ကိုမူ ယခုအချိန်အထိ အတိအကျ ဆန်းစစ်အတည်ပြုနိုင်ခဲ့ခြင်း မရှိပါ။

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် အဘွား ဒေါ်သန်းသန်း၏ ညာဘက်တင်ပဆုံရိုးကျိုးခဲ့ရာ ပါမောက္ခ ဒေါက်တာစိန်လှဦးက ညာဘက်တင်ပဆုံတွင် သတ္တုအရိုးတု (metal hip replacement) အစားထိုးပေးခဲ့ပါသည်။

> **၂၀၁၅ ခုနှစ်ခန့်မှစ၍ ကျွန်တော်သိရှိခဲ့ရသော အချက်အလက်တစ်ခုမှာ ဖခင်ဒေါက်တာဦးစံဘော် ကွယ်လွန်ပြီးမှ ၎င်း၏တပည့်ရင်း၊ တပည့်ဟောင်း၊ လုပ်ဖော်ကိုင်ဖက် အရိုးအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ပါမောက္ခဒေါက်တာဦးမိတ်တို့က သူကွယ်လွန်သည့် ၁၉၈၄ ခုနှစ်နောက်ပိုင်းမှ နောင်ဆယ်နှစ်(၁၀ နှစ်) ခန့်အထိ တင်ပဆုံရိုးကျိုး သွားသော လူနာများ၏ တင်ပဆုံတွင် ဆင်စွယ်အရိုးကို အစားထိုးပေးခဲ့သော လူနာများရှိသည်ဆိုသော အချက်ပင်ဖြစ်...**

**ဆင်စွယ်ရိုးတု ပညာရပ်ဆိုင်ရာဆောင်းပါး**

ဆရာတင်မောင်အေး(ကန့်ဘလူ) ရေးသားသော ဆောင်းပါးတွင် ပါရှိသည့် ပိုလန်နိုင်ငံမှ အရိုးအထူးကု ဆရာဝန် Dr Bartek Szostakowski (ဒေါက်တာဘာတက်) က အဘွားဒေါ်သန်းသန်း၏ ဆင်စွယ်ရိုးတုအကြောင်းကို ပညာရပ်ဆိုင်ရာဆောင်းပါး ရေးသားလိုသည်ဟုဆို၍ အဘွားဒေါ်သန်းသန်း၏ တင်ပဆုံရိုးကို ဓာတ်မှန်ရိုက်ခြင်း၊ CT Scan ပြုလုပ်၊ မြန်မာနိုင်ငံမှ ပိုလန်နိုင်ငံသို့ DHL မှ "အပြည်ပြည်ဆိုင်ရာစာချောပို့စနစ်"ဖြင့် ၂၀၁၅ ခုနှစ်ခန့်က ပေးပို့ခဲ့ပါသည်။ အသက် ၉၀ ကျော်အဘွားဒေါ်သန်းသန်းမှာ ၂ နာရီခွဲခန့်ကြာ ဓာတ်မှန်ရိုက်ခြင်း၊ CT Scan ပြုလုပ်ခြင်းတို့ကို စိတ်ရှည်စွာ ကူညီဆောင်ရွက်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်။

ဒေါက်တာဘာတက် အဓိက ရေးသားထားသော Artifacts: Ivory Hemiarthroplasty, The Forgotten Concept Lives on ဆောင်းပါးကို မျက်မှောက်ခေတ် ကမ္ဘာ့အထင်ကရ အရိုးအထူးကု ပညာရပ်ဂျာနယ်တစ်ခုဖြစ်သော Clinical Orthopedics and Related Research, Volume 475, Issue 12, (December 2017), pp. 2850–2854 တွင် ဖော်ပြထားပါသည်။

ယင်းပညာရပ်ဆောင်းပါးပါရှိသော ဂျာနယ် အတွဲ ၄၇၅၊ စာစောင် ၁၂၊ ဒီဇင်ဘာ ၂၀၁၇ ထုတ် မျက်နှာဖုံးတွင် စာရေးသူရိုက်ကူးပေး၍ ဒေါက်တာဘာတက်ထံ ပေးပို့ခဲ့သည့် မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် ခင်းကျင်းပြသထားသည့် မှန်ဘောင်သွင်းထားသော ဆင်စွယ်ရိုးတုများကို မျက်နှာဖုံးတွင် ဖော်ပြထားသည်ကို အွန်လိုင်းမှတစ်ဆင့် တွေ့ရပါသည်။ Dr Bartek ၏ ဆောင်းပါး PDF ကို ကျွန်တော့်ထံပေးပို့ထား၍ soft copy ရှိသော်လည်း ဂျာနယ် ငါးစောင် (သို့မဟုတ်) ၁၀ စောင်ခန့်ကို ဝယ်ယူလိုလျှင် အနည်းဆုံးယူရို ၃၀၀ (300 Euro)ကုန်ကျမည်ဟု Dr Bartek က ကျွန်တော့်ကို ပြောပြပါသည်။ ကျွန်တော့်ကိုယ်ပိုင်နှင့် မြန်မာနိုင်ငံ အရိုးအထူးကုဆရာဝန်များ အသင်းသို့ ဖခင်ဒေါက်တာဦးစံဘော်၏ ဆင်စွယ်ရိုးတုများ ဓာတ်ပုံကို ပညာရပ်ဂျာနယ်မျက်နှာဖုံးတွင် ဖော်ပြထားသည့် ၂၀၁၇ ဒီဇင်ဘာလထုတ် Clinical Orthopedics and Related Research ဂျာနယ်ကို ဝယ်ယူလှူဒါန်းရန် ရည်ရွယ်ထားပါသည်။

**ကမ္ဘာအရပ်ရပ်ရှိ အရိုးအထူးကုဆရာဝန်များ**

ဆရာတင်မောင်အေး(ကန့်ဘလူ)၏ ဆောင်းပါးတွင် ဖခင်ဒေါက်တာဦးစံဘော်၏ Ivory Hip Replacement for Ununited Fractures of the Neck of Femur ဆောင်းပါးကို ဗြိတိန်နိုင်ငံထုတ် Journal of Bone and Joint Surgery ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ်တွင် ဖော်ပြခဲ့သည်ဟု ရေးသားထားပါသည်။ အမှန်မှာ ဖခင်ဒေါက်တာဦးစံဘော် ဆောင်းပါးအကျဉ်းချုပ်ကိုသာ Journal of Bone and Joint Surgery တွင် အင်္ဂလိပ်ဘာသာစကားဖြင့် စာလုံးရေ ၃၇၀ ခန့်သာရှိသော စာတမ်းအကျဉ်းချုပ်ကိုသာ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုစဉ်ကနှင့် နောင်လာနောက်သား ကမ္ဘာအရပ်ရပ်ရှိအရိုးအထူးကုဆရာဝန်များမှာ ဖခင်ဒေါက်တာဦးစံဘော်၏ ဆင်စွယ်သုတေသနလုပ်ငန်းအကြောင်းကို သိသင့်သလောက် မသိခဲ့ခြင်း ဖြစ်တန်ရာပါသည်။

ထိုစာတမ်းအပြည့်အစုံမှာ ကျွန်တော့်ဖခင်၏ ငယ်သူ လုပ်ဖော်ကိုင်ဖက် (Junior Colleague) (ဖေဖော်ဝါရီ ၁၉၇၁ မှစ၍ အမေရိကန်ရောက်) အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာစိန်လွင်တွင် ရှိနိုင်လောက်သည်ဟု ဒေါက်တာစိန်လွင်က ၂၀၁၀ ပြည့်နှစ်ခန့်က ကျွန်တော့်ကို ပြောကြားခဲ့ဖူးပါသည်။ ဖခင်ဒေါက်တာဦးစံဘော်က ၁၉၆၉ ခုနှစ် ဗြိတိသျှအရိုးအထူးကုဆရာဝန်များညီလာခံသို့ တင်သွင်းသော စာတမ်းအပြည့်အစုံကို ဒေါက်တာစိန်လွင်၏ လက်ဝယ်တွင်ရှိပါက ရှာဖွေပေးပါဟု မေတ္တာရပ်ခံခဲ့ရာ ဆရာဒေါက်တာစိန်လွင်မှာ များစွာ မအားလပ်သည်ဖြစ်၍ မရှာဖွေဖြစ်သေး၊ မတွေ့ရှိသေးပါ။

**ဆင်စွယ်နှင့် အရိုးအစားထိုးမှု အောင်မြင်**

ဖခင်၏ ပျောက်ဆုံးနေသော (သို့မဟုတ်) ရှာဖွေ၍ မရသော ဆင်စွယ်သုတေသနနှင့် ပတ်သက်သည့် "သာဓက" များထဲတွင် ၁၉၆၅ ခုနှစ်ခန့်က ၅ မီလီမီတာ အဖြူ၊ အမည်းရုပ်ရှင်မှတ်တမ်း ရိုက်ထားသည့် "ဖလင်" (flim) ရှိခဲ့ပါသည်။ ဖခင်ဒေါက်တာဦးစံဘော်၏ လူနာအချို့ဖြစ်သည့် ဆင်စွယ်ရိုးတုဖြင့် တင်ပဆုံတွင် အစားထိုးထားသော လူနာများကို ခွဲစိတ်ကုသနေပုံ၊ ဆင်စွယ်အရိုးတု လူနာများ 'ထိုင်ထ' ပြုလုပ်နေပုံ စသည်တို့ကို "ရုပ်ရှင်" ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ ယင်း "ရုပ်ရှင်"ရိုက်ထားသည့် အကြောင်းကိုလည်း ကွယ်လွန်သူ ဆရာသာဂဒိုးက ၁၉ စက်တင်ဘာ ၁၉၆၉ ခုနှစ်က လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ "ဆင်စွယ်နှင့် အရိုးအစားထိုးမှု အောင်မြင်ရာတွင်" ခေါင်းစဉ်ဖြင့် ဆောင်းပါးတွင်လည်း ဖော်ပြခဲ့ပါသည်။

ကျွန်တော်သည် ဖခင်ဒေါက်တာဦးစံဘော် ကွယ်လွန်အပြီး မန္တလေးပြည်သူ့ဆေးရုံကြီး အရိုးအထူးကုဌာနသို့လည်းကောင်း၊ မန္တလေးအရိုးအထူးကုဆေးရုံသို့ လည်းကောင်း ၂၀၁၂ ခုနှစ်ခန့်အထိ မရောက်ရှိခဲ့ပါ။ ၂၀၁၂ ခုနှစ်ခန့်က မန္တလေးအရိုးအထူးကုဆေးရုံကြီးသို့ ရောက်ရှိခဲ့ရာတွင် ၁၉၆၅ ခုနှစ်ခန့်က ရိုက်ကူးထားသည့် ၅ မီလီမီတာ အဖြူ၊ အမည်း ဖလင်လိပ်မှာ ကြေမွလုနီးပါးမျှဖြစ်နေရာ ယင်းဖလင်ရုပ်ရှင်ကို မည်သို့မျှ ကြည့်နိုင်ဖွယ်မရှိပါ။ အလွန်ဝမ်းနည်းယူကျုံးမရ (နီးပါး) ဖြစ်မိပါ၏။ အကယ်၍သာ (တကယ်မဟုတ်ခဲ့) မန္တလေးပြည်သူ့ဆေးရုံကြီး အရိုးအထူးကုဌာန (သို့မဟုတ်) မန္တလေးအရိုးအထူးကုဆေးရုံကြီးမှ ထိုစဉ်က သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ထိုဖလင်လိပ်ကို အအေးခန်းထဲတွင် တောက်လျှောက်သိမ်းဆည်းထားခဲ့ပါလျှင် ဤကဲ့သို့ ပျက်စီးလိမ့်မည် မထင်ပါ။

**မော်ကွန်းဌာန**

ဆက်စပ်၍ ရေးရပါလျှင် ၁၉၈၈ ခုနှစ် မေလခန့်က ကျွန်တော်သည် ဖခင်အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ကျွန်တော်ရမိသမျှ သတင်းစာများပါ သတင်းမှတ်တမ်းများ၊ ဆောင်းပါးများကို ဖခင်ဘွဲ့လွန် အရိုးအထူးကုပညာဆည်းပူးခဲ့ရာဖြစ်သော အမေရိကန် ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားတက္ကသိုလ် (University of Pennsylvania) မော်ကွန်းဌာန (Archives)သို့ ပေးပို့ခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ် မတ်/ဧပြီလခန့်တွင် ပင်ဆယ်ဗေးနီးယားတက္ကသိုလ်ရှိရာ ဖစ်လဒဲလ်ဖီးယား (Philadelphia) မြို့သို့ အစည်းအဝေးတစ်ခုတက်ရန် ရောက်ရှိခဲ့ရာ ကျွန်တော်ပေးပို့ခဲ့သော စာရွက်စာတမ်းများကို ကြည့်ရှု၊ စစ်ဆေးခွင့်ရရှိခဲ့ပါသည်။ ဖခင်နှင့် ပတ်သက်သည့် စာရွက် စာတမ်းများကို ပင်ဆယ်ဗေးနီးယားတက္ကသိုလ်၏ မော်ကွန်းဌာနတွင် Climate Control room ဟုခေါ်သည့် ရာသီဥတုထိန်းချုပ်ထားသော အခန်းတွင် (စာရွက်စာတမ်းများ၊ ဆွေးမြည့်၊ ယိုယွင်းသွားခြင်း မရှိစေရန်၊ အနည်းဆုံးအားဖြင့် ယိုယွင်းမှု နည်းပါးသွားစေရန်) စီစဉ်ထားခြင်း ဖြစ်ပါ၏။

ဆရာတင်မောင်အေး(ကန့်ဘလူ)က ဖခင်ဒေါက်တာဦးစံဘော်သည် ပြည်တွင်း၊ ပြည်ပရှိ ဆေးပညာဂျာနယ်များတွင် ရေးသားခဲ့ပါသည်ဟု ရေးသားရာ၌ ပြည်ပ ပညာရပ်ဂျာနယ်တစ်ရပ်ဖြစ်သော Journal of Bone and Joint Surgery (British volume) တွင် "ဆင်စွယ်နှင့် တင်ပဆုံရိုး အစားထိုးခြင်း" စာတမ်း အကျဉ်းချုပ်ကိုသာ ဖော်ပြခဲ့ကြောင်း အထက်၌ ကျွန်တော်ရေးသားခဲ့ပါသည်။

ဖခင်ဒေါက်တာဦးစံဘော်ရေးသား၍ Journal of Bone and Joint Surgery (British volume) (Volume 57–B) (February 1975) pp. 61–68 တွင် ဖော်ပြခဲ့သော 'The Transarticular Graft For Infantile Pseudarthrosis Of The Tibia : A New Technique' ဆောင်းပါး အပြည့်အစုံကို တွေ့ရှိရပါသည်။ "ဆင်စွယ်နှင့် တင်ပဆုံရိုးအစားထိုးခြင်း" ဆောင်းပါးအကျဉ်းချုပ်ကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် Journal of Bone and Joint Surgery တွင် ဖော်ပြပြီးနောက် ငါးနှစ်အကြာ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီထုတ် ယင်းဂျာနယ်၌ပင် "ကလေးသူငယ်များတွင် ဖြစ်တတ်သော ညို့သကျည်းရိုး၊ ရိုးဆက်တုဖြစ်ခြင်းကို ကုသနည်းအသစ်" ဟု အကြမ်းဖျင်း ဘာသာပြန်ဆိုနိုင်သည့် ပညာရပ်ဆောင်းပါး ကိုမူ အပြည့်အစုံဖော်ပြထားပါသည်။

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

"ဆင်စွယ်နှင့် တင်ပဆုံရိုးအစားထိုးခြင်းစာတမ်း" ၏ အကျဉ်းချုပ်ကိုသာ ပညာရပ်ဂျာနယ်၏ မထင်မရှားနေရာတွင် ဖော်ပြခဲ့ပြီး စိုးစဉ်းမျှသော ကလေးသူငယ်တို့တွင်သာ ရှားရှားပါးပါးဖြစ်တတ်သော ညို့သကျည်းရိုး ရိုးဆက်တုနည်းကို ကုသနည်းတစ်မျိုးဖြင့် ကုသခြင်းဆောင်းပါးကိုမူ အပြည့်အစုံဖော်ပြထားသဖြင့် အရိုးအထူးကုဆရာဝန်များအနေဖြင့် (ယေဘုယျအားဖြင့်) ဖခင်ဒေါက်တာဦးစံဘော်၏ "ညို့သကျည်းရိုး ရိုးဆက်တုဖြစ်ခြင်းကို ကုသနည်းသစ်" ဆောင်းပါးကို ပညာရပ်ဂျာနယ်များတွင် ပိုမိုကိုးကားခဲ့သည်ကို တွေ့ရပါသည်။

**အမျိုးသမီးနှစ်ဦးရှိ**

အထက်တွင် အဘွားဒေါ်သန်းသန်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ အဘွားဒေါ်သန်းသန်းသည် အသက် ၇၀ ခန့်တွင် ဘယ်ဘက်တင်ပဆုံတွင် ဆင်စွယ်အရိုးတုကို ထည့်သွင်းထားပြီး အသက် ၈၀ ခန့်တွင် ညာဘက်တင်ပဆုံ၌ သတ္တုအရိုးတုကို ထည့်သွင်းထားသည့် ကမ္ဘာပေါ်တွင် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ အဘွားဒေါ်သန်းသန်းအပြင် မြန်မာနိုင်ငံအတွင်း၌ စာရေးသူသိရှိသလောက်ရေးရလျှင် တင်ပဆုံတွင် ဆင်စွယ်အရိုးတုထည့်သွင်းထားသော အမျိုးသမီးနှစ်ဦး ရှိပါသေးသည်။

လက်ရှိ မန္တလေးမြို့အနီး မုံရွာခရိုင်အတွင်း ရွာနှစ်ရွာတွင် နေထိုင်လျက်ရှိသော ဒေါ်အမာတင်(၁၉၅၅ ခုနှစ်ခန့် မွေးဖွား)နှင့် ဒေါ်သန်းငွေး(၁၉၅၆ ခုနှစ်ခန့် မွေးဖွား)တို့ ဖြစ်ပါသည်။ ဒေါ်အမာတင်မှာ အသက် ၁၅ နှစ် (သို့မဟုတ်) ၁၆ နှစ်ခန့်က မန်ကျည်းရွက်ကို အပင်ပေါ်သို့ တက်ခူးရာ သစ်ပင်ပေါ်မှလိမ့်ကျ၍ တင်ပဆုံရိုးကျိုးသွားခဲ့ပါသည်။ ဒေါ်သန်းငွေးမှာလည်း အသက် ၁၃ နှစ်ခန့်က သစ်ပင်ပေါ်မှ လိမ့်ကျ၍ တင်ပဆုံရိုးကျိုးသွားခဲ့ပါသည်။ ဒေါ်အမာတင်နှင့် ဒေါ်သန်းငွေးတို့ နှစ်ဦးစလုံးကို ယင်းတို့၏ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း ဆင်စွယ်အရိုးတုဖြင့် တင်ပဆုံကို အစားထိုးသင့်/မသင့်ကို ကျွန်တော့်ဖခင် ဒေါက်တာဦးစံဘော်သည် သူ၏ တပည့်များဖြစ်ကြသည့် ဒေါက်တာစိန်လွင်နှင့် ဒေါက်တာကျော်မြင့်နိုင်တို့နှင့် တိုင်ပင်ကြောင်း သူတို့က ကျွန်တော့်ကို ပြောပြပါသည်။

ဒေါ်အမာတင်ကို ဆင်စွယ်အရိုးတုဖြင့် ၁၉၇၀/၁၉၇၁ ခုနှစ်ခန့်က အစားထိုးပေးခဲ့ပြီး ဒေါ်သန်းငွေးကိုမူ ၁၉၆၉ ခုနှစ်ကုန်ပိုင်းခန့်က ဆင်စွယ်ဖြင့် သူ၏ တင်ပဆုံရိုးကို အစားထိုးကုသပေးခဲ့ကြောင်း၊ ဒေါ်သန်းငွေးမှာ ထိုစဉ်က အသက် ၁၃ နှစ် (သို့) ၁၄ နှစ် ရှိကြောင်း ပြောပြပါသည်။ ဒေါ်သန်းငွေးက ရွှေမန်းဦးတင်မောင် ကွယ်လွန်ခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်တွင် တင်ပဆုံရိုး အစားထိုးကုသမှုကို ပြုလုပ်ခဲ့သည်ဟု ပြောပြရာ ရွှေမန်းဦးတင်မောင်မှာ ၁၉၆၉ ခုနှစ် နိုဝင်ဘာလတွင် ကွယ်လွန်ခဲ့ရာ ဒေါ်သန်းငွေးကို ၁၉၆၉ ခုနှစ် မကုန်မီက ဆင်စွယ်အရိုးတုကို အစားထိုးခဲ့ခြင်း ဖြစ်တန်ရာသည်ဟု ယူဆရပါ၏။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ အသက်ရှင်ဆဲနှင့် အသက်အကြီးဆုံးဖြစ်ပြီး ဆင်စွယ်အစားထိုးခံရသူမှာ ဒေါ်သန်းသန်းဖြစ်၍ အသက်အငယ်ဆုံး (အသက် ၁၃ နှစ်/ ၁၄ နှစ်ခန့်က) ဆင်စွယ်အစားထိုးခြင်းခံရသူမှာ ယခုအခါ အသက် ၆၄/၆၅ နှစ်ခန့်ရှိ ဒေါ်သန်းငွေးပင်ဖြစ်ပါသည်။

ကျွန်တော့် ဖခင်ဒေါက်တာဦးစံဘော်၏ သူနာပြုအကူတစ်ဦးဖြစ်ခဲ့သူ မန္တလေးမြို့နေ ဦးပြေအောင်၏ အကူအညီဖြင့် တစ်ဦးနှင့်တစ်ဦး မသိကြသော ဒေါ်အမာတင်နှင့် ဒေါ်သန်းငွေးတို့ကို ကျွန်တော်က မန္တလေးမြို့သို့ခေါ်ဆောင်၍ သူတို့၏ တင်ပဆုံရိုးတို့ကို ဓာတ်မှန်ရိုက်၊ သူတို့ လမ်းလျှောက်နေပုံ၊ ဆောင့်ကြောင့်ထိုင်နေပုံတို့ကို ဗီဒီယိုရိုက်ကူးထားပါသည်။ ထို့အပြင် ကျွန်တော်၊ ဒေါ်အမာတင်နှင့် ဒေါ်သန်းငွေးတို့သည် အဘွားဒေါ်သန်းသန်းနေထိုင်ရာအိမ်သို့ သွားရောက်၍ အဘွားဒေါ်သန်းသန်းကို ကန်တော့ခဲ့ပါသည်။

ကျွန်တော့်မိခင်ကွယ်လွန်သူ ဒေါက်တာဒေါ်မြင့်မြင့်ခင်သည် ၁၉၈၅ ခုနှစ်က ဒေါက်တာစံဘော်သုတေသနဆုအတွက် ရန်ပုံငွေတည်ထောင်ခဲ့ရာ ၂၅ ဒီဇင်ဘာ ၁၉၈၉ နေ့က မန္တလေးမြို့ရှိ အထက်မြန်မာနိုင်ငံဆရာဝန်များ အသင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့သော အခမ်းအနားတစ်ခုတွင် ဇီဝကမ္မဗေဒပညာရှင် ဒေါက်တာဖြူဖြူအောင် အဓိကပြုစုသော "Physiological Effects of Tobacco dust exposure in the cigarette factories of Rangoon" "ရန်ကုန်မြို့အတွင်းရှိ စီးကရက်စက်ရုံများတွင် ဆေးရွက်ကြီးအမှုန်တို့ကို ရှူရှိုက်ခြင်းအားဖြင့် ပေါ်ထွက်လာသော ဇီဝကမ္မဗေဒဆိုင်ရာ အကျိုးဆက်များကို လေ့လာခြင်း" သုတေသနစာတမ်းကို ကနဦး ဒေါက်တာစံဘော်သုတေသနဆုအဖြစ် ကျွန်တော့်မိခင် ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်က ချီးမြှင့်ခဲ့ပါသည်။ ဒေါက်တာစံဘော်သုတေသနဆုကို ဒုတိယအကြိမ်အဖြစ် ပြည်သူ့ကျန်းမာရေးပညာရှင် ဒေါက်တာစန်းစန်းမြင့် အဓိကပြုစုသော စာတမ်းဖြစ်သည့် "Task Analysis of Mid–wives" "ဝမ်းဆွဲလက်သည်တို့၏ လုပ်ငန်းဆောင်တာတို့ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်"ကို ၁၉၉၆ ခုနှစ် အစောပိုင်းက ချီးမြှင့်ခဲ့ပါသည်။

**ဆေးသိပ္ပံပညာမဟာဘွဲ့ကျမ်းများ**

၁၉၉၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်းတွင်မူ ဒေါက်တာစံဘော် သုတေသနဆုကို ချီးမြှင့်နိုင်ခဲ့ခြင်းမရှိပါ။ ဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာကြီးဒေါက်တာအောင်သန်းဘတူ (ဆေးသုတေသနဦးစီးဌာန၏ ယခင်ညွှန်ကြားရေးမှူးချုပ်) နှင့် အခြားအဖွဲ့ဝင်များ နိုင်ငံခြားသို့ မကြာခဏ ခရီးသွားနေ၍လည်းကောင်း၊ အရည်အသွေးပြည့်မီသော သုတေသနစာတမ်းများကို ဆုရွေးချယ်ရေးအဖွဲ့အနေဖြင့် မရရှိခဲ့၍လည်းကောင်း ဒေါက်တာစံဘော် သုတေသနဆုကို မချီးမြှင့်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းကာလများတွင် ဒေါက်တာစံဘော်သုတေသနဆုရန်ပုံငွေ ဆေးသိပ္ပံမဟာ (Master of Medical Science)ဘွဲ့အတွက် တင်သွင်းခဲ့သော ကျမ်းများ၏စာရင်းကို စုစည်း၍ ကတ်တလောက် – Catalogue (စာရင်းပြုစုခြင်း၊ စနစ်ဇယားခွဲခြားခြင်း)တို့အတွက် အသုံးပြုခဲ့ပါသည်။ သို့သော် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် တင်သွင်းခဲ့သော ဆေးသိပ္ပံပညာ မဟာဘွဲ့ ကျမ်းများကို စုံစုံလင်လင်ရှာဖွေရန် ခက်ခဲခြင်းတို့ကြောင့် ယင်းလုပ်ငန်းဆောင်တာကိုလည်း အပြည့်အဝ အကောင်အထည်မဖော်နိုင်ခဲ့ပါ။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ အစောပိုင်းက ကျင်းပပြုလုပ်ခဲ့သော မြန်မာနှင့် အာဆီယံ အရိုးအထူးကုဆရာဝန်များ ပူးပေါင်းညီလာခံတွင် ဒေါက်တာစံဘော်သုတေသနဆုကို တတိယအကြိမ်မြောက်အဖြစ် အရိုးအထူးကုဆရာဝန် ဒေါက်တာသန့်ဇင်နိုင်၏ စာတမ်းကို ချီးမြှင့်နိုင်ခဲ့ပါသည်။ ဒေါက်တာစံဘော်သုတေသနဆုအတွက် စာတမ်းဖတ်ပြိုင်ပွဲတွင် အရိုးအထူးကုဆရာဝန် ခြောက်ဦးခန့်ဝင်ပြိုင်ရာ အရိုးအထူးကုဆရာဝန်ကြီး သုံးဦးပါဝင်သည့် အကဲဖြတ်အဖွဲ့က ဒေါက်တာ သန့်ဇင်နိုင်၏ သုတေသနစာတမ်းကို ရွေးချယ်၍ ဒေါက်တာစံဘော်သုတေသနဆုကို ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

**ဟောပြောမှုကို မိနစ် ၅၀ ခန့် ပြောကြား**

၂၉ နိုဝင်ဘာ ၂၀၁၈ တွင် ကျွန်တော့်ဖခင် ဒေါက်တာဦးစံဘော် (၁၉၅၄ ခုနှစ် ဧပြီလ မှ ၁၉၅၇ ခုနှစ်ကုန်အထိ) ဆေးသိပ္ပံပညာမဟာဘွဲ့ (အရိုးအထူးကုဘွဲ့) အတွက် ပညာဆည်းပူးခဲ့သော အမေရိကန်ပြည် ပင်ဆယ်ဗေးနီးယားပြည်နယ် ဖစ်လဒဲလ်ဖီးယားမြို့ရှိ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်၏ အရိုးအထူးကုဌာန (Department of Orthopedic Surgery at University of Pennsylvania) တွင် ဒေါက်တာစံဘော် ဂုဏ်ပြုဟောပြောမှုကို ပထမဦးဆုံးအကြိမ်အဖြစ် (Inaugural San Baw Honorary Lecture in Orthopedic Innovation)ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ဒေသစံတော်ချိန်နံနက် ၆ နာရီမှ နံနက် ၈ နာရီအတွင်း ကျင်းပပြုလုပ်ခဲ့သော ယင်းဂုဏ်ပြုဟောပြောပွဲသို့ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်နှင့် ယင်းတက္ကသိုလ်နှင့် ဆက်နွှယ်မှုရှိသည့် အမေရိကန် အရိုးအထူးကုဆရာဝန်ကြီး၊ ဆရာဝန်ငယ်များ ၃၀ ခန့် တက်ရောက်ခဲ့ပါသည်။ ကျွန်တော့် ဖခင်၏ တပည့်ဖြစ်ခဲ့သူ အမေရိကန်ပြည် ဖလော်ရီဒါ (Florida) ပြည်နယ်တွင် နေထိုင်သော ဒေါက်တာစိန်လွင်လည်း တက်ရောက်ခဲ့ပါသည်။

ယင်းဟောပြောပွဲကို နှစ်စဉ် ရာသက်ပန် (in perpetuity) ပြုလုပ်ရန် ကျွန်တော်၏ ချွေးနဲ့စာထဲမှ များစွာသော ငွေကြေးတို့ကို လှူဒါန်းထားပါသည်။ ယင်းဟောပြောပွဲ ပထမပိုင်းတွင် ကျွန်တော်က Dr San Baw: A Son's Tribute ("ဒေါက်တာစံဘော် သားတစ်ဦး၏ ဂုဏ်ပြုမှု") ဟူသော ခေါင်းစဉ်ဖြင့် မိနစ် ၅၀ ခန့် ဟောပြောခဲ့ပြီး ဒုတိယပိုင်းအနေဖြင့် ပိုလန်အရိုးအထူးကုဆရာဝန် Dr Bartek Szostakowski က "Dr San Baw: The Forgotten Innovator in Orthopaedic Biologic Reconstruction" ("ဇီဝနည်းဖြင့် အရိုးများကို ပြန်လည်တည်ဆောက်သည့်နည်းကို ဆန်းသစ်ခဲ့သည့် လူအများက မေ့ပျောက်နေသော ဒေါက်တာစံဘော်")ဟူသော ဟောပြောမှုကို မိနစ် ၅၀ ခန့် ပြောကြားခဲ့ပါသည်။

ပင်ဆယ်ဗေးနီးယားတက္ကသိုလ် အရိုးအထူးကုဌာန ပါမောက္ခဌာနမှူး L. Scott Levin က "San Baw was an innovative, compassionate physician who pioneered techniques in hip arthroplasty ... We are delighted to perpetuate the legacy of this remarkable Orthopedic surgeon" ("စံဘော်သည် တီထွင်ဆန်းသစ်နိုင်သော၊ ကရုဏာ နှလုံးရည်ပြည့်ဝသော သမားတော်တစ်ဦးဖြစ်ပြီး တင်ပဆုံရိုးအစားထိုးမှု နည်းသစ်များကို ဆန်းသစ်တီထွင်နိုင်ခဲ့သူ ဖြစ်ပေသည်... ကျွန်တော်တို့သည် ဤထူးချွန်ပြောင်မြောက်သော အရိုးအထူးကုဆရာဝန်ကြီး၏ အမွေကို တည်တံ့ထိန်းသိမ်းခွင့်ရသည့်အတွက် များစွာ ကျေနပ်ဝမ်းမြောက်မိပါသည်")ဟု ပြောကြားခဲ့သည်။

ပါမောက္ခ Dr Levin က ကျွန်တော့်ဖခင်ကို ကရုဏာနှလုံးရည်ပြည့်ဝသည့်သမားတော် (physician) ဟု ဦးစွာဖော်ပြပြီး ပြောင်မြောက်သော အရိုးအထူးကုဆရာဝန်ကြီးဟု ဖော်ပြသည်မှာ အဓိပ္ပာယ်နှင့် အနှစ်သာရပြည့်ဝသည်ဟု ကျွန်တော်ထင်မြင်ပါသည်။ သမားတော်ဟူသည် လူသားတို့၏ ရောဂါဝေဒနာတို့ကို မေတ္တာ၊ ကရုဏာဖြင့် ကုစား၊ ကုသပေးရန် တာဝန်ရှိသူ မဟုတ်ပါလော။

ကျွန်တော့်ဖခင် ဒေါက်တာဦးစံဘော်သည် ယင်းကဲ့သို့သော သမားတော်ဖြစ်သည်ဟု ကျွန်တော် ရိုကျိုး၊ ရိုသေစွာ ဂါရဝပြုဖော်ပြလိုပါသည်။

၂၀၂၀ ပြည့်နှစ် မေလခန့်တွင် ဒုတိယအကြိမ် ဒေါက်တာစံဘော် ဂုဏ်ပြုဟောပြောပွဲ ပြုလုပ်နိုင်ရန် ကျွန်တော် ကြိုးစားခဲ့ပါသေးသည်။ မူလအစီအစဉ်အရ မြန်မာအရိုးအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခဒေါက်တာကျော်မြင့်နိုင်၊ ပါမောက္ခဒေါက်တာမြင့်သောင်းတို့သည် အမေရိကန်ပြည်သို့ တစ်နှစ်လျှင် တစ်ကြိမ်(သို့မဟုတ်) နှစ်ကြိမ်သွားရောက်လေ့ရှိပါသည်။ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်လည်းဖြစ်၊ အရိုးအထူးကုဆရာဝန်ကြီးလည်းဖြစ်သော ဒေါက်တာဇော်ဝေစိုးသည်လည်း ၂၀၂၀ ပြည့်နှစ် မတ်လခန့်တွင် အမေရိကန်ပြည်သို့ မူလအစီအစဉ်အရ သွားရောက်ရန်ရှိသော်လည်း ကိုဗစ်–၁၉ ကိစ္စရပ် ပေါ်ပေါက်လာ၍ အထက်ပါမြန်မာအရိုး အထူးကုဆရာဝန်ကြီးများသည် အမေရိကန်ပြည်သို့ သွားရောက်နိုင်ခြင်း မရှိတော့ပါ။

**ဂုဏ်ပြုဟောပြောပွဲ**

ကျွန်တော်၏ မူလအစီအစဉ်အရ ယင်းမြန်မာအရိုးအထူးကုဆရာဝန်ကြီးများထဲမှ တစ်ဦးဦးက ဒုတိယအကြိမ် ဒေါက်တာစံဘော် ဂုဏ်ပြုဟောပြောပွဲကို ပင်ဆယ်ဗေးနီးယားတက္ကသိုလ်၏ အရိုးအထူးကုဌာနတွင် ပြုလုပ်ဖြစ်ခဲ့ပါက (အမှန်တွင် မပြုလုပ်ဖြစ်ခဲ့ပါ) မြန်မာအရိုးအထူးကုဆရာဝန်များ၏ ရှုထောင့်မှ ကျွန်တော့်ဖခင်၏ အရိုးအထူးကုဆိုင်ရာ ဆန်းသစ်တီထွင်မှု အကြောင်းများသာမကဘဲ မြန်မာအရိုးအထူးကုဆရာဝန်ငယ်များ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်၏ အရိုးအထူးကုဌာနသို့ ခေတ္တသွားရောက်လေ့လာရေးနှင့် မြန်မာနှင့် အမေရိကန် အရိုးအထူးကုဆရာဝန်များ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကို ဟောပြောဆွေးနွေးပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကိုဗစ်–၁၉ ကိစ္စရပ်ကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းတွင်မူ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်၌ ဒုတိယအကြိမ် ဒေါက်တာစံဘော် ဂုဏ်ပြုဟောပြောပွဲကို ပြုလုပ်နိုင်လိမ့်မည် မထင်ပါ။

နိဂုံးချုပ်ရေးရပါလျှင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျွန်တော့်ဖခင်ကို ဂုဏ်ပြုဆောင်းပါး ရေးပေးပါသော ဆရာတင်မောင်အေး(ကန့်ဘလူ)၏ ဆောင်းပါးကို ဖြည့်စွက်ရေးခဲ့ပါသော်လည်း မပြီးပြတ်ခဲ့ပါ။ ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ထွန်းခဲ့သော ကျွန်တော့်ဖခင် ဒေါက်တာဦးစံဘော်နှင့် သူ၏စွမ်းဆောင်မှုများကို ပြည်တွင်း၊ ပြည်ပတို့တွင် အသိအမှတ်ပြု ဂုဏ်ပြုခဲ့ကြပုံကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လရောက်မှသာ အစီရင်ခံတင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ။


# ကိုကိုးကျွန်းမြို့နယ်သို့ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့နိုင်ရန် အိမ်ထောင်စု ၁၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများကို ယမန်နေ့ ညနေပိုင်းက ကိုကိုးကျွန်းသို့ထွက်ခွာသည့် M.V Charites သင်္ဘောဖြင့် ပို့ဆောင်လိုက်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သိရသည်။

ထိုသို့ပို့ဆောင်ရေးအတွက် ဩဂုတ် ၉ ရက်တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကိုကိုးကျွန်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံပြီး ကယ်ဆယ်ရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းပြကာ ဘေးအန္တရာယ်ကျရောက်မှုအလိုက် ထောက်ပံ့မှု၊ မထောက်ပံ့မီ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ဆက်သွယ်တင်ပြရေး၊ အချက်အလက်များပေးပို့ရေး၊ ထောက်ပံ့ငွေ တွက်ချက်မှုနှင့် အချိန်မီပေးပို့နိုင်ရေး၊ လစဉ်ပြန်တမ်းပေးပို့နိုင်ရေး အစရှိသည်များအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့နိုင်ရန် အိမ်ထောင်စု ၁၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများကို သာကေတ Five Star သင်္ဘောဆိပ်မှတစ်ဆင့် M.V Charites သင်္ဘောဖြင့်



ကိုကိုးကျွန်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "ကိုကိုးကျွန်းမြို့နယ်ဟာ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ပါဝင်ပေမယ့် အလှမ်းဝေးကွာတယ်။ လမ်းခရီးအရ တော်တော်နဲ့ မရောက်နိုင်ပါဘူး။ ကျွန်းမြို့တစ်မြို့ဖြစ်တဲ့အတွက် သဘာဝဘေးအန္တရာယ် အချိန်မရွေးကြုံတွေ့လာနိုင်တယ်။ ဒါကြောင့် အချိန်မီထောက်ပံ့နိုင်ဖို့အတွက် အခုလိုကြိုတင်ဆောင်ရွက်တာဖြစ်ပါတယ်။ ပထမဆုံးအကြိမ် စတင်ဆောင်ရွက်တာပါ။ ဒီပစ္စည်းတွေကိုတော့ ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ သိုလှောင်ထားရှိပြီး ထောက်ပံ့ရေးဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၅ မြို့နယ်ရှိသည့်အနက် တစ်မြို့အပါအဝင်ဖြစ်သော်လည်း ရန်ကုန်မြို့နှင့် အလှမ်းဝေးသည့် ကျွန်းမြို့တစ်မြို့ဖြစ်သည့်အပြင် သွားလာရန် ခက်ခဲသည့်အတွက် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ရင်ဆိုင်ရပါက အဆိုပါမြို့နယ်နေ ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီနိုင်ရန် ရည်ရွယ်ကာ ထိုသို့ ကြိုတင်ဆောင်ရွက်ခြင်းဖြစ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးမှုအားကောင်းစေရန် ဆောင်ရွက်လျက်ရှိရာ အဆိုပါမြို့နယ်၌ ဆိုလာလျှပ်စစ်မီးရရှိရေးနှင့် ဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်ရာတွင် အသုံးပြုမည့် လျှပ်စစ်ပစ္စည်းများနှင့် ဆက်သွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ဩဂုတ် ၉ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည့် ဘေးအန္တရာယ်ဆိုင်ရာ ထောက်ပံ့မှုပစ္စည်းများတင်ဆောင်သွားသော M.V Charites သင်္ဘောဖြင့် သယ်ဆောင်သွားကြောင်း၊ ကိုကိုးကျွန်းမြို့နယ်သည် မီးဘေးအန္တရာယ် ဖြစ်ပွားမှုနည်းပါးသော်လည်း ပင်လယ်ပြင်အတွင်းရှိ ကျွန်းမြို့တစ်မြို့ဖြစ်သည့်အတွက် ဆူနာမီ၊ ရေဘေးနှင့် လေဘေးအန္တရာယ်များကို သတိပြုရကြောင်း ညွှန်ကြားရေးမှူး ဦးဝင်းရွှေထံမှ သိရသည်။

သတင်းနှင့် ဓာတ်ပုံ–ဇော်ကြီး

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအား အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၀**
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ယနေ့ ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို အဓိကအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်ကြသည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်ဒေသတို့ရှိ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ပိုမိုချောမွေ့အဆင်ပြေစေရေးအတွက် မြေယာ၊ ယစ်မျိုး စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ ကော်လိတ္တော် အရာရှိလုပ်ပိုင်ခွင့်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးများကို အပ်နှင်းပြီးစီးမှု အခြေအနေ၊ ကော်လိတ္တော်အရာရှိ လုပ်ငန်းတာဝန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရှင်းလင်းဆွေးနွေးနိုင်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၏ ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအခွင့်အရေးများမြှင့်တင်ရေး၊ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ရှင်းလင်းဆွေးနွေးနိုင်ရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များသည် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ တည်ဆောက်ရေးတွင် အခြေခံကျသည့် လုပ်ငန်းများဖြစ်ပြီး ပါဝင်ဆောင်ရွက်သူအားလုံး ကျေလည်စွာ သိရှိဆောင်ရွက်နိုင်ရေးသည် အရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ဆွေးနွေးပွဲကျင်းပရခြင်း ပထမအချက်ဖြစ်သည့် ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်အပ်နှင်းသည့်ကိစ္စရပ်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်သို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောက်ရှိချိန်မှစ၍ အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေး တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများ အနေဖြင့် အခြားသိရှိလိုသည့်အချက်များနှင့် အကြံပြုလိုသည့်အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးနိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်း။

ဒုတိယအချက်ဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများ၏ ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအခွင့်အရေးများမြှင့်တင်ရေးနှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများအနေဖြင့်လည်း မိမိတို့ သိရှိဆွေးနွေးလိုသည့် အချက်များကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစေလိုပါကြောင်း။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ကြရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များ အောင်မြင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲမှရရှိသည့်အချက်များကို အခြေခံ၍ ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ကော်လိတ္တော်အရာရှိ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထက်အောင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်သည့် ဦးတင်မြင့်နှင့် ဦးလှမော်ဦးတို့က ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၏ ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအခွင့်အရေးများမြှင့်တင်ရေးနှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးလှမော်ဦး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလှကျော် Cash For Work စီမံကိန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဓနုဖြူမြို့နယ် အလမျိုးကျေးရွာအုပ်စုအတွင်း Cash For Work စီမံကိန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အလမျိုးကျေးရွာအတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် စီမံကိန်းတာဝန်ရှိသူများက အလမျိုးကျေးရွာ လူထုဗဟိုပြုစီမံကိန်း၏ ပထမနှစ်နှင့် ဒုတိယနှစ် စက်ဝန်းကာလ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိတတိယနှစ်စက်ဝန်းကာလ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကျုံတနီး၊ ချောင်းစောက်နှင့် ကုန်းတန်းမြောက်ကျေးရွာများတွင် ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်း (VRFP)နှင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးလက်အခြေခံအဆောက်အအုံများ၊ ကျေးရွာမီးလင်းရေးနှင့် ကျေးလက်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါကြောင်း၊ သို့ဖြစ်ရာ ကျေးလက်နေပြည်သူများကလည်း ဆောင်ရွက်ပြီးစီးမှုများအား ရေရှည် တည်တံ့ရေး၊ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို ကျေးရွာလူထုအားလုံး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပေးစေလိုကြောင်း၊ လိုအပ်သည့် နည်းပညာအကူအညီများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားသည်။

အလမျိုးကျေးရွာအတွင်း ကျေးလက်ကွန်ကရစ်လမ်းခင်းခြင်းကို စီမံကိန်းထောက်ပံ့ငွေ ၂၂၆ ဒသမ ၁၂၇၆၃ သိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ သုံးသိန်းဖြင့် ဇန်နဝါရီ ၁၆ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၆ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်ပြီး ခြောက်တန်အောက် ယာဉ်များ သွားလာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ပေါက်နွယ်စမ်းကျေးရွာအုပ်စု စမ်းရွာကျေးရွာ၊ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု မျှင်ဝါးတောင်ကျေးရွာတို့တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP) အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Cash For Work စီမံကိန်းဖြင့် ကျေးလက်ကွန်ကရစ်လမ်း ဆောင်ရွက်ထားရှိမှုများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)၊ လူထုဗဟိုပြုစီမံကိန်း(CDD)တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း Cash For Work စီမံကိန်း ကျေးရွာ ၂၅၀၊ ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရွာ ၁၀၀၊ လူထုဗဟိုပြုစီမံကိန်း(CDD) ခြောက်မြို့နယ်တို့ဖြင့် ကျေးလက်နေပြည်သူများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားလွှတ်တော်ရှေ့နေများကောင်စီဝင်လောင်း တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲစာရင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တရားလွှတ်တော်ရှေ့နေများကောင်စီ
အသိပေးကြေညာခြင်း

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်)

**တရားလွှတ်တော်ရှေ့နေများကောင်စီဝင်လောင်း
တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲစာရင်း အသိပေးကြေညာခြင်း**

၁။ တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက် နေ့တွင် ကျင်းပခဲ့ပြီး ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦး၏ အမည်စာရင်းကို တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ တရားလွှတ်တော်ရှေ့နေအချို့က တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ကောင်စီဝင်လောင်းများ၏ တစ်ဦးချင်းရရှိသော ဆန္ဒမဲစာရင်းကို ကြေညာပေးစေလိုကြောင်း တင်ပြမှုများရှိသဖြင့် ယင်းတို့၏ဆန္ဒကို အလေးထားသောအနေဖြင့် ကောင်စီဝင်လောင်း တစ်ဦးချင်းစီရရှိသော ဆန္ဒမဲစာရင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ Website ဖြစ်သော www.oag.gov.mm တွင်ဖော်ပြထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာသီတာဦး
အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေများကောင်စီ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပုသိမ်မြို့ ကမ်းနားလမ်း တိုးချဲ့ဆိပ်ခံတံတား တည်ဆောက်ခြင်းနှင့် နတ်မော်-ဟင်္သာတ ရထားလမ်းပိုင်းပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ် ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဘူတာ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးငွေးဝင်း၊ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ကမ်းနားလမ်းအား နှစ်လမ်းသွားလမ်းမကြီးဆောင်ရွက်နေမှု၊ ပုသိမ်မြို့ဆိပ်ကမ်း သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းများပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်မော်ဘူတာသို့ရောက်ရှိပြီး ဘူတာပတ်ဝန်းကျင် ပြုပြင်ထားရှိမှု၊ ခရီးသည်စီးနင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ RBE ရထားဖြင့် နတ်မော်-ဟင်္သာတလမ်းပိုင်းအတွင်း High Tension Bolts နှင့် Nuls များ တပ်ဆင်ပြီး ရထားလမ်းပိုင်း ပြုပြင်ထားရှိမှု၊ တံတားကြီး၊ ငယ်များ ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းဂိတ်တံခါးများ အသစ်ပြုလုပ်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသောရထားလမ်းများ ပြုပြင်ထားရှိမှု၊ ဟင်္သာတဘူတာ-နတ်မော်ဘူတာ-ယုန်သလင်းဘူတာကြား ရထားမိုင်နှုန်း တိုးမြှင့်မောင်းနှင်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဟင်္သာတဘူတာ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းတိုင်းသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် ရေသာမခိုသူ၊ ရိုးသားသူ၊ စည်းကမ်းရှိသူ၊ ဥပဒေကို လေးစားလိုက်နာသူများဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ မိမိဌာန ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝန်ထမ်းတိုင်းတွင် တာဝန်ရှိပါကြောင်း၊ မီးရထားဝန်ထမ်းများအနေဖြင့် မြေယာလျော်ကြေးပေးအပ်ပြီးသော မြေယာများအား ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မီးဘေးသင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်နေမှု၊ ဟင်္သာတမြို့ ဖောင်ဆိပ်ကျေးရွာရှိ ဦးမိုးလေးတာရေတိုက်စားပျက်စီးမှု၊ အရေးပေါ်ယာယီအစီအမံများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရေရှည်အစီအမံအနေဖြင့် ရေလမ်းကြောင်းပြုပြင်နိုင်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းမှာကြား**

ယင်းနောက် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာပြီး အင်းစိန်စက်ခေါင်းစက်ရုံသို့ ရောက်ရှိကာ ဝန်ထမ်းများအတွက် ဆောက်လုပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ၊ အင်းစိန်ရထားလမ်း ခုံးကျော်တံတားသစ်(မင်းကြီးလမ်း) ဘက်ခြမ်းချဉ်းကပ်တံတားနှင့် လမ်းသစ်လမ်းဘက်ခြမ်း တံတားများ တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ဝဲပုံ)** တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရွှေဘိုမြို့ အမှတ်(၅)ရပ်ကွက်ရှိ လူငယ်ဖွံ့ဖြိုးရေးစခန်းသို့ရောက်ရှိပြီး ဖွံ့ဖြိုးရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဘိုမြို့ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးအတွင်း စိုက်ပျိုးထားရှိသော ရာသီသီးနှံများ၊ သရက်စိုက်ခင်းနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီပဲယင်းမြို့နယ် သရက်ကန်ကျေးရွာရှိ ဆရာစံပညာသင်ကြားဆည်းပူးခဲ့သည့် သာသနဝ္ဘဉာဏ်ရောင်ခြည် ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာသည့် တောင်သူ ဦးမိုးဝေက တောင်သူလယ်သမားနေ့တွင် သရက်ကန်ကျေးရွာ၌ ဆရာစံအမှတ်တရ ရုပ်တုထားရှိရေးကို နိုင်ငံတော်မှ ကြီးမှူးကျင်းပစေလိုကြောင်း၊ ဆရာစံမွေးဖွားရာဒေသအား ဂုဏ်ပြုသောအားဖြင့် ကျေးရွာမှ ဆည်လက်တံအထိ ကွန်ကရစ် (သို့မဟုတ်) ကတ္တရာလမ်းခင်းပေးစေလိုကြောင်း၊ ကျေးရွာအတွင်း မီးလိုင်းများတပ်ဆင်ပြီးဖြစ်သည့်အတွက် အမြန်ဆုံးမီးလင်းရေး ဆောင်ရွက်ပေးစေလိုကြောင်းကိုလည်းကောင်း၊ တောင်သူ ဦးသိန်းပိုင်က ကျေးရွာအထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရေး၊ ပညာရေးဝန်ထမ်းများအား ထပ်မံတိုးမြှင့်ခန့်ထားပေးရေးကိုလည်းကောင်း၊ သရက်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေက စိုက်ပျိုးရေးသုံး ပြည်ပမှ ဓာတ်မြေဩဇာများ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စိစစ်ပြီးမှ တင်သွင်းခွင့်ပြုပေးပါရန်တို့ကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ အဆိုပါကျေးရွာတွင် JICA အကူအညီဖြင့် တည်ဆောက်ခဲ့သော စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာတွင် ဒီပဲယင်းမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းထွန်းက မျိုးစပါးဧက ၁၇၀၀ စိုက်ပျိုးထုတ်လုပ်နေမှုကို CERP အရ ထောက်ပံ့ပေးသွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများက ဖြည့်ဆည်းပေးနိုင်ရေးကို ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

**သနပ်ခါးအကြောင်း ဖော်ပြ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရာတော်မြို့နယ် စားသုံးသူရေးရာခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး သနပ်ခါးတင်ပို့ထုတ်လုပ်ရောင်းချသူများ အသင်းက ခင်းကျင်းပြသထားသည့် သနပ်ခါးနှင့် သနပ်ခါးထုတ်ပစ္စည်းများအား ကြည့်ရှုအားပေးကာ အစည်းအဝေးခန်းမတွင် သနပ်ခါးထုတ်လုပ်တင်ပို့သူ အသင်းသားများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထုတ်ကုန်ဖြစ်သည့်အတွက် သနပ်ခါးစိုက်ပျိုးသည့် မြေဧရိယာကို ရှေးဟောင်းအမွေအနှစ်ဧရိယာအဖြစ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ဝေသည့် Commerce Journal တွင် သနပ်ခါးအကြောင်း ထည့်သွင်းဖော်ပြရေး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြခန်း၌ သနပ်ခါးထုတ်ကုန်များ ပြသထားနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရန် မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့် သနပ်ခါးအသင်းဥက္ကဋ္ဌတို့က သနပ်ခါးစိုက်ပျိုးမှုမြေကေများစွာရှိနေကြောင်း၊ ကိုဗစ်ကာလအတွင်း ခုတ်ထားပြီးဖြစ်သည့် သနပ်ခါးများ သိုလှောင်ထားရှိခြင်းအတွက် ထိခိုက်နစ်နာမှုများရှိသဖြင့် လုပ်ငန်းများဆက်လက်လုပ်ကိုင်နိုင်ရန်နှင့် သွင်းအားစုများ ထည့်သွင်းရန် ချေးငွေထုတ်ပေးနိုင်ရေး၊ သနပ်ခါးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရုံး ဆောက်လုပ်ရန် မြေနေရာရရှိရေး ဆောင်ရွက်ပေးရန် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက



ပြန်လည်ရှင်းလင်း ညှိနှိုင်းပေါင်းစပ်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရာတော်မြို့နယ်-သခွပ်ပင်လယ်ကျေးရွာရှိ ဦးညွန့်ဖေပိုင် လျှော်ဖြူစိုက်ခင်း ခြောက်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

**တွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကာလအတွင်း ထိခိုက်ဆုံးရှုံးမှုများအတွက် ပထမဦးစားပေး၊ ဒုတိယဦးစားပေးအဆင့်အလိုက် ထောက်ပံ့ချေးငွေ ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားကာ ပဲခွဲစက်လုပ်ငန်းရှင်က တရုတ်နိုင်ငံဘက်မှ စားတော်ပဲ ဝင်ရောက်နေမှုများကြောင့် ပြည်တွင်းထုတ်လုပ်မှု ထိခိုက်မှုရှိပြီး စိုက်ပျိုးထုတ်လုပ်မှုစရိတ် ကာမိစေရေး ရောင်းချနိုင်ခြင်းမရှိသောကိစ္စ၊ စက်မှုဇုန်ဒုတိယဥက္ကဋ္ဌက တရုတ်ပြည်ဘက်မှ လျှပ်စစ်ပစ္စည်းများ၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ တင်သွင်းရောင်းချနေမှုကြောင့် သုံးစွဲသူများ နစ်နာထိခိုက်ဆုံးရှုံးမှုများဖြစ်သည့်အပြင် ပြည်တွင်းထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ အရည်အသွေးစစ်ဆေးမှု အားနည်းမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ ဖြစ်ပွားနေမှုအား ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ကိစ္စ၊ ရက်ကန်းလုပ်ငန်းရှင်များအသင်းဝင်တစ်ဦးက ပြည်တွင်းရက်ကန်းလုပ်ငန်းများ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့်အတွက် လုပ်ငန်းများဆက်လက်ရပ်တည်နိုင်ရေးအတွက် ချေးငွေများ ထုတ်ပေးနိုင်ရေးကိစ္စ၊ ဆားတောင်ကျေးရွာမှ အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ဦးက နိုင်ငံတော်အနေဖြင့် လုပ်ငန်းရှင်များအား ထုတ်ချေးပေးသည့်သတ်မှတ်ရက်အား ထပ်မံတိုးပေးရန်ကိစ္စတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ဆက်လက်ညှိနှိုင်းပေါင်းစပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် တင်ပြပါကဏ္ဍများအလိုက် Forum များ ကျင်းပပြုလုပ်ပေးခြင်း၊ မိမိဝန်ကြီးဌာနသို့ လုပ်ငန်းရှင်များက လာရောက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခြင်းနှင့် လုပ်ငန်းကဏ္ဍအလိုက်အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

**❂ မန္တလေးတိုင်းဒေသကြီးမှ**

ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာရန် သတ်မှတ်ထားသော်လည်း လာရောက်ကြည့်ရှုသူ တိုးတက်များပြားလာစေရန်နှင့် မဲစာရင်းများတွင် အမှားအယွင်းများတွေ့ရှိပါက သတ်မှတ်ပုံစံများဖြင့် ပြင်ဆင်ဖြည့်စွက်တောင်းဆိုမှုများ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် မဲစာရင်းကြေညာပေးသည့်ရက်အား ဩဂုတ် ၁၄ ရက်အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ကပ်ထားကြေညာပေးထားရာ လာရောက်ကြည့်ရှုသူဦးရေမှာ ဩဂုတ် ၉ ရက်အထိ ၁၆ ရက်တာကာလအတွင်း ၁၀၇၂၇၅ ဦးရှိပြီး ၎င်းတို့အနက် ပုံစံ (၃)ဖြင့်တောင်းဆိုသူ ၇၁၆၇၂ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၁၈၇၄၉ ဦးနှင့် ပုံစံ(၄-က)ဖြင့် ပြင်ဆင်သူ ၄၃၇၇၄ ဦး စုစုပေါင်း ပြင်ဆင်ဖြည့်စွက်တောင်းဆိုရန် လျှောက်ထားသူ စုစုပေါင်း ၁၃၄၁၉၅ ဦးရှိကြောင်း သိရသည်။

**မဲစာရင်းစိတ်ဝင်စားသူ များလာ**

"၂၀၂၀ ရွေးကောက်ပွဲမှာ မန္တလေးတိုင်းက မဲပေးခွင့်ရှိတဲ့ မဲဆန္ဒရှင်စာရင်းက ၂၀၁၅ ခုနှစ်ထက် တစ်သိန်းခွဲလောက်များလာသလို မဲစာရင်းကို စိတ်ဝင်တစားလာရောက်ကြည့်ရှုကြတဲ့ မဲဆန္ဒရှင်အရေအတွက်ကလည်း သိသိသာသာကို တိုးတက်လာပါတယ်။ ဒါ့အပြင် လွှတ်တော်အသီးသီးမှာ ဝင်ရောက်အရွေးခံကြမယ့် ကိုယ်စားလှယ်လောင်းဦးရေကလည်း ၂၀၁၅ ခုနှစ်က ကျင်းပခဲ့တဲ့ရွေးကောက်ပွဲထက် ပိုပြီးများပြားလာတာကို တွေ့ရတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး မဲစာရင်းတွေကို လာရောက်ကြည့်ရှု ပြင်ဆင်တောင်းဆိုကြဖို့ လှုံ့ဆော်ပေးနေပါတယ်။ များများကြည့် များများပြင် များများမှန်ဆိုတဲ့ ရည်မှန်းချက်ကို မျှော်မှန်းပြီး ဆောင်ရွက်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၂၀ မှ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသူ ကိုယ်စားလှယ်လောင်း ၅၂၈ ဦးရှိပြီး တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်လောင်း ၁၆ ဦးရှိရာ စုစုပေါင်း နိုင်ငံရေးပါတီ ၂၀ နှင့် တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်လောင်းစာရင်းမှာ ၅၄၄ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■ ကျောဖုံးမှ

ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း (RCSS/SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း(ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး(KNU)၊ ဦးလှဌေး(ABSDF)၊ စောမြရာဇာလင်း(ALP)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း(CNF)၊ ဆလိုင်းထလာပေး(CNF)၊ စောစိန်ဝင်း(DKBA)၊ ပဒိုစောအယ်ကလူစေး (KNU)၊ စောကျော်ညွှန့်(KNLA–PC)၊ ကြာဆော်လမွန်(LDU)၊ နိုင်အောင်မငေး (NMSP)၊ ခွန်မြင့်ထွန်း(PNU)နှင့် ဒေါက်တာစိုင်းဦး (RCSS/SSA) တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက (၈) ကြိမ်မြောက် JICM အစည်းအဝေးမှ ချမှတ်ထားသည့် ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် နှစ်ဖက်အလုပ်အဖွဲ့များသည် ခုနစ်ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းမည့် သဘောတူညီချက်များ ရရှိနိုင်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များသည် ပြီးခဲ့သည့် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တွင် ပြုလုပ်ခဲ့သည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေး ခုနစ်ကြိမ်အထိ ညှိနှိုင်းခဲ့ကြရာတွင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၄) ချက်ရရှိထားပြီး ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည် ဖော်မှုအတွက် ဆွေးနွေးမည့် ခေါင်းစဉ်ကြီး ရှစ်ခုကို သဘောတူထားပြီး အသေးစိတ်ခေါင်းစဉ်များကို ယနေ့အစည်းအဝေးတွင် ဆက်လက်ညှိနှိုင်းမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူအနေဖြင့် အချက်နှစ်ချက်ကို သဘောတူညီထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသည့် နှစ်ဖက်အဆိုပြုချက်များကို ယနေ့အစည်းအဝေးတွင် အပြီးသတ်ညှိနှိုင်းကြမည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် (၉) ကြိမ်မြောက် JICM အစည်းအဝေးတွင်အတည်ပြုမည်ဖြစ်ပါကြောင်း။

အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များသည် တတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံပြီးနောက် နှစ်နှစ်ကျော်ကာလအတွင်း အလွတ်သဘောနှင့် တရားဝင်တွေ့ဆုံမှုများစွာ ပြုလုပ်ခဲ့ကြပါကြောင်း၊ နှစ်ဦးနှစ်ဖက် ကျေကျေလည်လည်ဖြစ်စေရန် အချိန်ယူကာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ယခုကဲ့သို့ သဘောတူညီချက်များ ရယူနိုင်သည့် အခြေအနေ အခင်းအကျင်းမျိုးကို ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ယင်းအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စိတ်ရင်းစေတနာ အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို NRPC ကိုယ်စား တန်ဖိုးထားကျေးဇူးတင်ရှိပါကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများကို အခြေခံပြီး NCA စာချုပ်ပါအချက်များကို အောင်မြင်သည်အထိ အတူတကွ အကောင်အထည်ဖော်သွားမည်ဆိုသည်ကို NCA စာချုပ်ချုပ်ဆိုစဉ်ကတည်းက သဘောတူညီခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် လုပ်ငန်းစဉ်များနှင့် လမ်းညွှန်အခြေခံမူများရယူရန် ဆွေးနွေးနေသည်မှာ မိမိတို့အနေဖြင့် ယင်းသဘောတူညီချက်များကို အကောင်အထည်ဖော်နေကြခြင်းပင် ဖြစ်ပါကြောင်း၊ NCA ကို အခြေခံ၍ ရှေ့သို့လျှောက်လှမ်းရာတွင် အားလုံး သဘောတူချမှတ်သည့် လုပ်ငန်းစဉ်များရရှိရန် မိမိတို့အကြားတွင် အကျေအလည် ဆွေးနွေးညှိနှိုင်းနေကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းမှုများသည် မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)အဖြစ် မှတ်ကျောက်တင်နိုင်မည်ဖြစ်ပြီး သဘောတူစာချုပ်ပါ အချက်များသည် ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးခရီးကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးသည် လာမည့် ညီလာခံအတွက် မိမိတို့အလုပ်အဖွဲ့များ၏ နောက်ဆုံးဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေး ဖြစ်ပါကြောင်း၊ နောက်ရက်များတွင် JICM၊ UPDJC အစည်းအဝေးများ ပြုလုပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကျင်းပတော့မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဆွေးနွေးညှိနှိုင်းကြရာတွင် စိတ်ရှည်ကြရန်လိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေးအတွက် အပြန်အလှန်နားလည်မှုများနှင့် အားလုံးလက်ခံနိုင်သည့် အခင်းအကျင်းမျိုး ပေါ်ထွက်လာရန်အတွက် ဦးတည်ဆွေးနွေးပေးကြရန် ပန်ကြားလိုပါကြောင်း၊ မိမိတို့ဆွေးနွေးဖက်များအကြား တူညီသည့်သဘောထားများကို ရှာဖွေကာ ယနေ့အစည်းအဝေးတွင် အရေးကြီးသည့် သဘောတူညီချက်များ ရယူ၍ နှစ်ဖက်နားလည်မှုရှိရှိ ယုံကြည်မှုရှိရှိနှင့် ဆွေးနွေးပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးကို ဦးတည်ကြိုးပမ်းကြရန်အတွက် ယနေ့ဆွေးနွေးမှုများမှတစ်ဆင့် JICM တွင် တင်ပြမည့် သဘောတူညီချက်များ ရရှိအောင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် NCA–S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေးတွင် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း၊ ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်မှုများ၊ ဖက်ဒရယ်အခြေခံမူများပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေး၊ (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် EAO များ ပိုမိုပါဝင်လာရေးစသည့် အကြောင်းအရာများကို ဆုံးဖြတ်ချမှတ် အတည်ပြုပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

ယင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် နှစ်ဖက်ခေါင်းဆောင်များက မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များအား တာဝန်ပေးခဲ့ပါကြောင်း၊ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များက ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစ၍ ညှိနှိုင်းအစည်းအဝေးများကို စဉ်ဆက်မပြတ်ဆောင်ရွက်လာခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ဩဂုတ် ၄၊ ၅ ရက် ညှိနှိုင်းအစည်းအဝေးအထိ မျှတသည့် ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း။

ယခု JICM အကြို ညှိနှိုင်းစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များက ညှိနှိုင်းရန် ကျန်ရှိသည့် အကြောင်းအရာများကို ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်သလို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကိစ္စ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များနှင့် (၉)ကြိမ်မြောက် JICM အစည်းအဝေးအတွက် ပြင်ဆင်မှုများကို ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် များစွာအရေးပါသကဲ့သို့ ပြည်ထောင်စုသား ပြည်သူလူထုတစ်ရပ်လုံးအတွက်လည်း အရေးကြီးသည့် အစည်းအဝေးဖြစ်သည့်အတွက် JICM အစည်းအဝေးကျင်းပနိုင်ရေး ကောင်းမွန်သည့် ပြင်ဆင်မှုများ၊ အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် (၉) ကြိမ်မြောက် JICM အစည်းအဝေးသို့ တင်ပြမည့် နှစ်ဖက်အဆိုပြုချက်များ၊ NCA အကောင်အထည် ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့်အဆင့်လိုက်အကောင်အထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များ ဆွေးနွေးညှိနှိုင်းခြင်း ကိစ္စရပ်များ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



NCA–S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း ဆွေးနွေးပြောကြားစဉ်။

# ဒုတိယဝန်ကြီး ဦးတင်လတ် ရေဝတီတိုင်းဒေသကြီးရှိ ကမ်းခြေဒေသများသို့ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေသို့ သွားရောက်ပြီး ငွေဆောင်ကမ်းခြေခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီ (DMO) အဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် Bay of Bengal Resort ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ငွေဆောင်ကမ်းခြေဒေသ သန့်ရှင်းသာယာလှပရေး၊ ကိုဗစ်–၁၉ ကာကွယ်ရေးနှင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ထားရှိရန်အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံများ အချိုးညီညီ ပါဝင်ဖွဲ့စည်းထားသည့် DMO များကို ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကမ်းခြေများကို စနစ်တကျနှင့် လုံခြုံစိတ်ချစွာ ပြန်လည်ဖွင့်လှစ်ရန်အတွက် ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ Physical Distancing ဆိုင်ရာများကို မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း ပြောကြားခဲ့ပြီး တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ချောင်းသာကမ်းခြေသို့ ရောက်ရှိပြီး Golden Beach Hotel ၌ ချောင်းသာကမ်းခြေကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တွေ့ဆုံ၍ ချောင်းသာကမ်းခြေသည် ပြည်တွင်းခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့် ကမ်းခြေဖြစ်သည့်အတွက် ကိုဗစ်–၁၉ ကူးစက်မှုမှ ဘေးကင်းလုံခြုံ အပန်းဖြေနိုင်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ချောင်းသာကမ်းခြေခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းပြီး ကမ်းခြေဒေသသန့်ရှင်းသာယာလှပရေး၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနှင့်ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ အပန်းဖြေစေရေးတို့ကိုဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကမ်းခြေများ ပြန်လည်ဖွင့်လှစ်ရန်အတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ခပ်ခွာခွာနေထိုင်ခြင်း လုပ်ဆောင်မည့် အစီအမံများကို DMO များမှ တစ်ဆင့် တင်ပြပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက ချောင်းသာကမ်းခြေအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ စီမံဆောင်ရွက်ထားရှိမှုများအား တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ၂၀၂၀ ပြည့်နှစ်မှ

ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ထုတ်ပြန်ချက်များကို ကြည့်ရှုရာတွင် လူစုလူဝေး မဖြစ်စေရေးအတွက် ဖြေဆိုသူများ၏ ခုံအမှတ်များအလိုက် အသုတ်လေးသုတ်ခွဲပြီး နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်လေးချိန်ခွဲ၍ လာရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီဝင်းက “ဒီနေ့က စာစစ်ဌာနအလိုက် သက်ဆိုင်ရာကျောင်းတွေမှာ အောင်စာရင်းတွေ ကပ်ပါတယ်။ အောင်စာရင်းလာကြည့်ကြတဲ့ ကျောင်းသား ကျောင်းသူတွေကို သတ်မှတ်ထားတဲ့အချိန်နဲ့ ခုံအမှတ်အလိုက် စနစ်တကျကြည့်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ကြည့်ရှုရာမှာလည်း Social Distancing နဲ့ကိုက်ညီအောင် တာဝန်ကျဆရာ ဆရာမတွေက ကြီးကြပ်ပေးပါတယ်။ ကျောင်းအဝင်မှာ အပူချိန်တိုင်းပေးပြီး လက်ဆေးစင်များလည်း ထားပေးပါတယ်။ ကျွန်မတို့ကျောင်းရဲ့ ဒီနှစ်အောင်ချက် ရာခိုင်နှုန်းက ၃၁ ဒသမ ၅၈ ရှိပြီး ယခင်နှစ်ထက် အောင်ချက်ရာခိုင်နှုန်းတက်လာပါတယ်” ဟု ပြောသည်။

တက္ကသိုလ်ဝင်ခွင့်အောင်စာရင်း လာရောက်ကြည့်ရှုသူများအနေဖြင့်လည်း အောင်စာရင်းကြည့်ရှုရန် လာရောက်စဉ်၊ အပူချိန်တိုင်းတာစဉ်နှင့် စနစ်တကျလက်ဆေးစဉ်တို့တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေကွာခြားရန်၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ မျက်နှာကာများကို စနစ်တကျ လုံခြုံစွာ ဝတ်ဆင်ရန်နှင့် အသက်ကြီးရင့်သူ၊ နာတာရှည်ရောဂါရှိသူများ၊ နေမကောင်းသူများနှင့် လွန်ခဲ့သည့် ၁၄ ရက်အတွင်း ကိုဗစ်–၁၉ ရောဂါပိုး အတည်ပြုလူနာနှင့် နီးကပ်စွာထိတွေ့မှုရှိသူများကို အောင်စာရင်းကြည့်ရှုရန် လာရောက်ခွင့်မပြုကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

“ကျောင်းသူ ကျောင်းသားတွေရဲ့ ခုံအမှတ်တွေနဲ့ အောင်စာရင်းကြည့်ရမယ့် အချိန်တွေကို ကပ်ထားပါတယ်။ အောင်စာရင်းလာကြည့်သူတွေ အဆင်ပြေစေဖို့ လမ်းညွှန်စနစ်နဲ့ မြေပုံတွေလည်း ထုတ်ထားပါတယ်။ ဘယ်ခုံနံပါတ်နဲ့ ဖြေဆိုသူက ဘယ်နေရာမှာ အောင်စာရင်းကြည့်ရမယ်ဆိုတာကို ကပ်ထားပါတယ်။ အောင်စာရင်းလာကြည့်သူတွေ အဆင်ပြေစေရေး လမ်းညွှန်ပေးဖို့နဲ့ ကြီးကြပ်ပေးဖို့ ဆရာ ဆရာမတွေကို တာဝန်ချထားပေးပါတယ်” ဟု ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းများကို ကိုဗစ်–၁၉ ရောဂါကြောင့် ယခင်နှစ်များထက် နောက်ကျထုတ်ပြန်ကြေညာခဲ့ပြီး လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ဩဂုတ် ၉ ရက် နံနက် ၀၀း ၃၀ နာရီတွင် အွန်လိုင်းမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်ဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများ၏ အောင်စာရင်းများကို ရေဒီယိုနှင့် ရုပ်သံလိုင်းများမှတစ်ဆင့် ထုတ်ပြန်ကြေညာပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းကို ဩဂုတ် ၉ ရက် နံနက် ၀၀း ၃၀ နာရီတွင် အွန်လိုင်းမှတစ်ဆင့် ထုတ်ပြန်ကြေညာပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများသို့ အောင်စာရင်းလာရောက်ကြည့်ရှုသူ နည်းပါးကြောင်း သိရသည်။ **သတင်းစဉ်**

# လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်တင်ကာ ပုံမှန်ပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Advisory Board for Exercise is Medicine (EIM) Myanmar National Center ၏ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အားကစားကဏ္ဍတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်နိုင်ရေးအတွက်သာမက ပိုမိုအရေးကြီးသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် လုပ်ငန်းမဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်မှုကို စိတ်ပါဝင်စားစွာဖြင့် ပါဝင်လုပ်ဆောင်လာပြီး ရေရှည်တွင် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်မှု အလေ့အထနှင့် ယဉ်ကျေးမှုထုံးစံအဖြစ် လျင်မြန်စွာ ဖြစ်တည်လာစေရေးအတွက် လုပ်ငန်းစဉ်အမျိုးမျိုးကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ယခင်က လူထုအားကစားလှုပ်ရှားမှုများကို နှစ်စဉ် ဒီဇင်ဘာလတွင်သာ ပြုလုပ်ခဲ့ရာမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ကျင်းပရန် သင့်လျော်သည့် နေ့ရက်များ တရားဝင်သတ်မှတ်ပေးနိုင်ရေးအတွက် ယနေ့ အစည်းအဝေးတွင် ဝိုင်းဝန်းအကြံပြုကြစေလိုပါကြောင်း၊ ကျောင်းနေအရွယ် လူငယ်များတွင် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်မှု အလေ့အထကောင်းများ သန္ဓေတည်ဖြစ်ထွန်းလာပါက အဆိုပါအလေ့အထကောင်းများသည် ၎င်းတို့၏ မိဘများ၊ ဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းများထံ ထပ်ဆင့်ပြန့်ပွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် မိမိတို့ဝန်ကြီးဌာနရှိ တက္ကသိုလ်များတွင် ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းဖြင့် အားကစားလေ့ကျင့်မှုဖြင့် ကျန်းမာကြံ့ခိုင်သည့် လူအုပ်စု များပြားလာမည်ဖြစ်ပါကြောင်း၊



စာသင်ကျောင်းများနှင့် တက္ကသိုလ်များတွင် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းလက်တွဲကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အားကစားနှင့် ကာယပညာဦးစီးဌာနသည် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းတို့နှင့် အပြန်အလှန်ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အဆက်မပြတ်ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ၏ ရုံးဌာနအသီးသီးတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများကို ပုံမှန်ပြုလုပ်ကာ အားကစားပြုလုပ်သည့် အလေ့အထပျိုးထောင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ရေတိုအတွက်မဟုတ်ဘဲ ရေရှည်တည်တံ့မည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းမူဘောင်များ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်မှု ပိုမိုထိရောက်မှုရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Advisory Board for Exercise is Medicine (EIM) Myanmar National Center ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရာတွင် ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေသောကာလနှင့် ကိုဗစ်-၁၉ အလွန် ကာလများတွင် ပြောင်းလဲလာသည့် နေထိုင်မှုပုံစံသစ်များနှင့်အညီ ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများတွင် ကာယပညာသင်ကြားလေ့ကျင့်မှုဆိုင်ရာ သင်ခန်းစာများကို သင်ရိုးညွှန်းတမ်းသစ်တွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခြင်းဖြင့် ကိုယ်ကာယဖွံ့ဖြိုးမှုအပြင် ဦးနှောက်ဉာဏ်ရည် ဖွံ့ဖြိုးမှု၊ စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှုများကိုပါ ရရှိစေပြီး သင်ကြားသင်ယူမှုကို များစွာအထောက်အကူပြုသဖြင့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ဖြစ်စေရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများသည် များစွာအရေးကြီးပါကြောင်း၊ အားကစားလေ့ကျင့်မှုပုံစံပြသမှုများကို အင်တာနက်၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ထုတ်လွှင့်နေခြင်းမှာ ကောင်းမွန်ပြီး ပညာရေးဝန်ကြီးဌာနမှ ထူထောင်ထားသော "Myanmar Digital Education Platform" တွင်လည်း ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းနှင့် တက္ကသိုလ်များတွင် ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က Advisory Board for Exercise is Medicine (EIM) Myanmar National Center ၏ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အားကစားနှင့် ပညာရေးပေါင်းစပ်၍ ကာယပညာသင်ရိုးများ ထည့်သွင်းထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး လူထုအားကစားလှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံး ပုံမှန်ကျင်းပနိုင်ရေး အကြံပြုချက်များ ပေးအပ်သည်။

ဆက်လက်၍ EIM Myanmar National Technical Committee မှ ကျွမ်းကျင်သူ ဒေါက်တာရဲတင့်လွင်က ကော်မတီ၏ ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် ဇွန်လ အထိကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား တင်ပြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသော Advisory Board for Exercise is Medicine (EIM) Myanmar National Center ၏ အဖွဲ့ဝင်များဖြစ်ကြသော ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအားကစားလှုပ်ရှားမှုများကို ပုံမှန်ကျင်းပရန်၊ ဝန်ကြီးဌာနအသီးသီးရှိ ရုံးများတွင် ကိုယ်လက်လှုပ်ရှားအားကစားကို ပုံမှန်ဆောင်ရွက်ရန်နှင့် ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြုလုပ်သင့်သည့် လေ့ကျင့်ခန်းအစီအစဉ်များ၊ လူထုအားကစားလှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံး၌ ပုံမှန်ကျင်းပနိုင်ရေးတို့နှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ရှေးဦးပြုစုခြင်းအခြေခံအဆင့် သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း Red Ready စီမံချက်နှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံအဆင့် သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ညောင်တုန်းမြို့ အထက(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထင်ဇော်စိုး၊ တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမန်းကြည်ရွှင်၊ ရှေးဦးပြုစုခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်မင်းနိုင်၊ မအူပင်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကြက်ခြေနီ တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအေးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသန်းမြင့်က အသင်းခွဲ၏ ဆောင်ရွက်မှုများကို တင်ပြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များအား လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲအတွက် လူနာတင်ယာဉ်ဝယ်ယူရန် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းမြင့်က အလှူငွေကို လှူဒါန်းသည်။

အဆိုပါ ရှေးဦးပြုစုခြင်းအခြေခံအဆင့်သင်တန်းကို ငါးရက်ကြာ စာတွေ့ လက်တွေ့သင်ကြားခဲ့ပြီး သင်တန်းသို့ အလယ်တန်း၊ အထက်တန်း ဆရာ ဆရာမ ၃၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

## အင်းစိန်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုသူ ၂၈၀၂၃ ဦးရှိ

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ စတင်ကာ (၂၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးများရှိ ရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာပေးထားရာမှ ယခု ထပ်မံ၍ ဩဂုတ် ၁၄ ရက်ထိ တိုးမြှင့်ကြေညာသွားမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်အထိ မဲစာရင်း လာရောက်ကြည့်ရှုကြသူ ၂၈၀၂၃ ဦးရှိပြီဖြစ်ကြောင်း၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် ယမန်နေ့အထိ မဲစာရင်းတွင် မိမိအမည်စာရင်း မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၅၉၆၁ ဦး၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်လျှောက်ထားသူ ၉၁၉ ဦးနှင့် မဲစာရင်းတွင် မိမိအမည်နှင့် အချက်အလက်၊ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားသူ ၃၂၀၃ ဦးရှိကြောင်း အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အင်းစိန်မြို့နယ်၊ (၂၁) ရပ်ကွက်တို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး ပထမအကြိမ် ပြုစုထားသော မဲစာရင်းများအရ မဲဆန္ဒရှင် စုစုပေါင်း ၂၂၃၀၀၀ ခန့်ရှိပြီး ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲရုံပေါင်း ၁၈၈ ရုံ စီစဉ်ထားရှိပြီး ရွာမအနောက်ရပ်ကွက်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၉ ရက်အထိ ၁၆ ရက်အတွင်း မဲစာရင်း လာရောက်ကြည့်ရှုသူ ၂၀၀၀ ကျော် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၆၀၀ ကျော်၊ ပုံစံ(၄)ဖြင့် ကန့်ကွက်လျှောက်ထားသူ ၄၂ ဦးနှင့် ပုံစံ(၄-က)ဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားသူ ၅၀၀ ကျော်ရှိကြောင်း ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးထံမှ သိရသည်။

**ဉာဏ်ဟိန်း**

## ဖြူးမြို့နယ် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုများ စစ်ဆေး

**ဖြူး ဩဂုတ် ၁၀**

မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ဖြူးမြို့အတွင်း၌ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဆွေကျော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးထွန်းလင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာဆောင်ရွက်ထားရှိမှုများ၊ ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှုနေမှု အခြေအနေ၊ မဲစာရင်းအချက်အလက်များ မှန်/မမှန် စစ်ဆေးခြင်းနှင့် သတ်မှတ်ပုံစံများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၉ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ သိန်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ သိန်းဦး(၃၃)နှစ်၊ (ဘ)ဦးထွန်းသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၁၄၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ထောသာကျေးရွာနေ ဦးပြာအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၈-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ထောသာကျေးရွာနေ ပြာအောင်(ခ)ပြာဝင်း(၃၆)နှစ်၊(ဘ)ဦးကျော်သိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ) ၅၇/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်နေ ကျော်ထွန်းသိန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၈-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ကမာချောင်းကျေးရွာအနီး ဘုတ်ပြင်း-ကော့သောင်းသွား ကားလမ်းပေါ်၌ ၎င်းမြို့၊ ရွှေဘုံသာရပ်ကွက်နေ ကျော်ထွန်းသိန်း (၂၄)နှစ်၊ (ဘ)ဦးရဲဝင်းနှင့် အလယ်မန်ကျေးရွာနေ မတင်မာချို (၄၂)နှစ်၊ (ဘ)ဦးခင်မောင်မြင့်တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ သဖြင့် မမစ(ဘုတ်ပြင်း) မယ (ပ)၂၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၆)ဦး၊ မ(၂)ဦး၊ ပေါင်း(၈)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၆-၇-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်၊ ဗိုလ်ချုပ်ဈေးရှေ့၌ ၎င်းရပ်ကွက်နေ မင်းထူးစံ (၁၆)နှစ်၊ (ဘ)ဦးဝင်းလှိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်) မယ (ပ)၄၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၉)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၃၁-၇-၂၀၂၀ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွား ကားလမ်းပေါ်၌ မော်လမြိုင်မြို့နယ်၊ ရိုးဂိုးကျေးရွာနေ အောင်ငြိမ်းချမ်း (၂၅)နှစ်၊ (ဘ) ဦးငွေခိုင် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၄၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့်လည်းကောင်း၊ အလားတူ ၅-၈-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ် တံခွန်တိုင်သွားကားလမ်းပေါ်၌ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်နေ ပြည့်ဖြိုးဇော်(၂၀)နှစ်၊ (ဘ)ဦးဇော်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်)မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် လည်းကောင်း၊ ဆက်လက်၍ အဆိုပါလမ်းပေါ်၌ ၎င်းမြို့နယ်၊ ကွေ့ဝမ်းကျေးရွာနေ အောင်သူရဦး(၂၃)နှစ်၊ (ဘ)ဦးဝင်းဇော် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ (ပ)၄၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်နေ လုံးတီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၇-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁) ရပ်ကွက်၊ (၁၂)အထက်လမ်းနှင့် မြို့မလမ်းဆုံ၌ သတင်းအရစောင့်ဆိုင်းစဉ် ၎င်းရပ်ကွက်နေ လုံးတီး(ခ)ဟန်ကိုနိုင်သည် စက်ဘီးစီးနင်းလာရာ စစ်ဆေးရေးအဖွဲ့အနီး မရောက်မီ စက်ဘီးနှင့် လွယ်အိတ်တို့အား ပစ်ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ရာ လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ ရှာဖွေတွေ့ရှိသဖြင့် မမစ(ဒေါပုံ)မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၉)ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ICE များ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၉-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ပတ္တမြားလမ်း၌ ၎င်းရပ်ကွက်နေ အောင်ဇော်ထူး (ခ)ဒေးဗစ်(၂၇)နှစ်၊ (ဘ)ဦးသိန်းအောင်၊ နေမျိုးအောင်(ခ) ရွှေ့ကြီး(၁၆)နှစ်၊ (ဘ)ဦးလှကြည်၊ ရဲနိုင်ထွန်း(၁၆)နှစ်၊ (ဘ) ဦးရဲထွန်းတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၃၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ ဒေါ်မြတ်မွန်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၇-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ ဒေါ်မြတ်မွန်လင်း(၄၃)နှစ်၊ (ဘ)ဦးကျော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မိခင်ဖြစ်သူ ဒေါ်ဝင်း(ခ)ခင်ဝင်းကြည်(၇၀)နှစ်၊ (ဘ) ဦးကြည်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ) မယ(ပ)၂၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်နေ အောင်ကိုသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်နေ အောင်ကို(ခ)အောင်ကိုကို(၂၄)နှစ်၊ (ဘ) ဦးလှိုင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ)မယ (ပ) ၃၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ ဖာလဲကျေးရွာနေ ဒေါ်ရွှေစင်နှင့် အိုက်စိန်တို့ သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၂၀ ရက်နေ့တွင် ဟိုပုံးမြို့နယ်၊ ဖာလဲကျေးရွာနေ ဒေါ်ရွှေစင်(၃၁)နှစ်၊ (ဘ)ဦးဆာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟိုပုံး)မယ (ပ)၄၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ဦးအိုက်စိန်(၃၇)နှစ်၊ (ဘ)ဦးဆန်ကျမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟိုပုံး)မယ(ပ)၄၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူ ထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၈-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၂၇၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၄၄)ဦး၊ မ(၃၂၄)ဦး၊ ပေါင်း(၁၉၆၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၃၄.၄၆၁၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၄၃၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၉၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၅၉၃၅၉)ပြား၊ ဆေးခြောက်(၁၃၄၇၁.၈၆)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

## ကျောက်တော်မြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့နယ်တို့၌ ငါးသားပေါက်များ ထောက်ပံ့မည်

**ကျောက်တော် ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီး ဌာနအနေဖြင့် COVID-19 Economic Relief Plan (CERP)၏ Action Plan ပါ ငါးမွေးမြူရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမှုဖြင့် ဆောင်ရွက်သည့် ငါးမွေးတောင်သူများသို့ ငါးသားပေါက်ဖြန့်ဖြူးပေးခြင်းကို ရခိုင်ပြည်နယ် ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်တို့ရှိ ငါးမွေးတောင်သူ ၆၆ ဦး၊ ဧရိယာ ၂၄၈ ဒသမ ၃၄ ဧကသို့ တစ်ဧက ငါးသားပေါက်ကောင်ရေ ၂၀၀၀ နှုန်းဖြင့် ကောင်ရေ ၄ ဒသမ ၉၆ သိန်းကို သတ်မှတ်နေ့ရက်များ၌ ထောက်ပံ့ပေးအပ်နိုင်ရန် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပထမအကြိမ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ အခမ်းအနားသို့ တက်ရောက်သူ ၂၅ ဦးရှိခဲ့ပြီး ကျောက်တော်မြို့နယ်မှ ငါးမွေးတောင်သူလေးဦးသို့ ပေးအပ်ရမည့် ငါးသားပေါက်ကောင်ရေ ၁၅၂၃၀၀ အနက် ပထမအကြိမ် ကောင်ရေ ၇၀၀၀၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## AA အကြမ်းဖက်သောင်းကျန်းသူတစ်ဦး မြောက်ဦးမြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ AA အကြမ်းဖက်သောင်းကျန်းသူတစ်ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဩဂုတ် ၇ ရက် ညနေ ၆ နာရီမှစ၍ မြောက်ဦးမြို့နယ် တပ်ရင်းဌာနချုပ်တစ်ခုရှိ အရာရှိ၊ စစ်သည်များသည် ရန်သူ့သတင်းအရ လုံခြုံရေးဆောင်ရွက်နေစဉ် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် တပ်ရင်းအမှတ်(၂)ဂိတ်တံခါးကို လူတစ်ဦး လာရောက်တွန်းဖွင့်နေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးအဖွဲ့က စစ်ဆေးမေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိသဖြင့် သေနတ်ဖြင့် နှစ်ချက် ခြောက်လှန့်ပစ်ခတ်ရာ ထွက်ပြေးသွားသောကြောင့် လိုက်လံဖမ်းဆီးခဲ့ကြောင်း။

ဖမ်းဆီးရမိသူမှာ မြောက်ဦးမြို့နယ် ပုဇွန်ဖေကျေးရွာနေ စံရွှေလှိုင် ၄၁ နှစ်ဖြစ်ပြီး ၎င်းကို ဖမ်းဆီးရမိစဉ် အရက်မူးလွန်နေသဖြင့် စစ်ဆေး၍မရဘဲ ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် စစ်ဆေးမေးမြန်းခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ကိုယ်ပိုင်အမှတ် AA-၆၇၃၂ တပ်သားအဆင့်ရှိသူ ဖြစ်ကြောင်းနှင့် ၎င်းကို အသေးစိတ်ထပ်မံစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် မြောက်ဦးမြို့နယ်ရဲစခန်းသို့ လွှဲပြောင်းအပ်နှံမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ စိန်ပန်းရပ်ကွက်နေ ကျော်မင်းစိုး (ခ)ဦးစိုးနှင့် ဒေါ်အေးသန်းကြည်တို့သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဆိတ်ငူကျေးရွာနေ အသက် ၂၀ အရွယ်ရှိ မြန်မာအမျိုးသမီးတစ်ဦးအား ဘဝရပ်တည်ရန် ခက်ခဲမှုကို အခွင့်ကောင်းယူ၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် အင်းရွာနယ်မြေရဲစခန်းက (ပ) ၂၃/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ကသာခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၅ ရက်တွင် ပြစ်မှုကျူးလွန်သူ ကျော်မင်းစိုး (ခ)ဦးစိုးနှင့် မအေးသန်းကြည်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## လားရှိုးမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**လားရှိုး ဩဂုတ် ၁၀**

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု ကောင်းဟုန်ကျေးရွာ၌ ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်က နောင်မွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အဆိုပါကျေးရွာနေ လှသိန်းနှင့် မအေးစံတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့၏ အိပ်ခန်းအတွင်းမှ WY စိတ်ကြွဆေးပြား ၃၃၄၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် လှသိန်းနှင့် မအေးစံတို့အား နောင်မွန်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူ တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူ တစ်ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် အမ်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် ယာဉ် ဝင်/ထွက် သွားလာမှုများအား စစ်ဆေးလျက်ရှိရာ ဩဂုတ် ၅ ရက် ညနေပိုင်းတွင် စစ်တွေမှ မန္တလေးသို့ ထွက်ခွာလာသော ရွှေလမင်းခရီးသည်ယာဉ်ကို ရပ်တန့်စစ်ဆေးစဉ် ယာဉ်ပေါ်လိုက်ပါလာသူများထဲမှ ပေါက်တောမြို့ သုံးပတ်ချိုင်ကျေးရွာနေ အောင်သိန်းထွန်း ၂၅ နှစ် အား AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များပါရှိသော ဖုန်းနှင့်အတူ စစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် အောင်သိန်းထွန်းအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အမ်းမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဩဂုတ် ၂ ရက်မှ ၆ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ခုံတိုးမြို့သာကျေးရွာအနီးမှ တရားမဝင်ကျွန်းခွဲသား လေးတန်၊ ကလေးဝမြို့နယ် ရွှေကျင်ကျေးရွာ ချင်းတွင်းမြစ်အတွင်းမှ တရားမဝင် ကျွန်း ၁၅ တန်၊ မင်းကင်းမြို့နယ် ရွာဘရွာအနီး ချင်းတွင်းမြစ်အတွင်းမှ တရားမဝင် ကညင်သစ် ၁၀ တန်၊ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၆/၆) နှင့် (၂၆/၇) အကြား၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား သုံးတန်၊ လက်ပံတန်းမြို့နယ် မြောက်ဇာမရီ ကြိုးဝိုင်းအကွက်အမှတ်(၆၄၊ ၆၅၊ ၆၇)အတွင်း တရားမဝင် ကျွန်း/ပျဉ်းကတိုးခွဲသား ရှစ်တန်၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၈၅/၁) ကာလူးကုန်းရွာအနီး ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား တစ်တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ရေဦးမြို့နယ် ရေဦး-တမာ-ကံထူးမကားလမ်း သံသည်ကျေးရွာအနီးတွင် ယာဉ်ပေါ်မှ တရားမဝင် အင်ခွဲသား ၅၁ ချောင်းနှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ အောင်လံမြို့နယ် ရွှေညောင်ပင်ကျေးရွာ မြောက်ဘက်ဂိတ်တွင် ယာဉ်ပေါ်မှ တရားမဝင် မီးသွေး ၂၀၅ အိတ်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ကျွန်းစုမြို့နယ် မင်းခေါင်းဆေးကျေးရွာ၏တောင်ဘက် ကမ်းခြေနေရာနှင့် ကိုလန်ကျွန်း မြောက်ဘက် စက်လှေနှစ်စင်းပေါ်မှ တရားမဝင်သစ်ယား၊ ကဒွတ်၊ ဇင်းစွယ်သစ်၊ ခွဲခြမ်း ၂၁ တန်နှင့် ပြစ်မှုကျူးလွန်သူ လေးဦး၊ သိန္နီမြို့နယ်ခွဲ Oriental Highway Tollgate အနီး ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခားရွေ တစ်တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၉ စီး၊ သွင်းကုန် အစီး ၄၁၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂၀ တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်ယာဉ်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းဘူးမြို့၌ ဆိုင်ကယ်ခိုးယူသူအား ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သူများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ရာအိမ်မှူးများသည် ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် လှည့်ကင်းဆောင်ရွက်နေစဉ် ပီနံအိတ်နှင့် လူတစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိစစ်ဆေးခဲ့ရာမှ ခိုးယူလာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်မှာ မျိုးသီရိ(ခ) မင်းသီရိကျော် ငြိမ်းမင်းဇော်၊ သောင်းသောင်းထွန်းတို့နှင့် အတူ အမှတ်(၁)ရပ်ကွက် တမာတန်းရပ်ဈေးဆိုင်တစ်ဆိုင်အတွင်းမှ စားသောက်ကုန်ပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်း ၂၂ မျိုးအား ခိုးယူခဲ့ပြီး ငြိမ်းမင်းဇော်နှင့် သောင်းသောင်းထွန်းတို့မှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

၎င်းသည် လွန်ခဲ့သောနှစ်ပတ်ခန့်က မင်းဘူးမြို့ ဆားပွတ်ချောင်းတံတားဟောင်း အနီးတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးအား ခိုးယူ၍ ပွင့်ဖြူမြို့နယ် မဒဲကျေးရွာ၌ ငွေကျပ် နှစ်သိန်းဖြင့်လည်းကောင်း၊ အလားတူ လွန်ခဲ့သော သုံးလခန့်တွင် မိုးဝင်း(ခ)တင်မိုးဝင်း၊ ငြိမ်းမင်းဇော်၊ သောင်းသောင်းထွန်းတို့နှင့်အတူ မင်းဘူးမြို့ ရွှေတပင်ရပ်ကွက် မိုး ကေတီဗွီ စားသောက်ဆိုင်၏ အနောက်ဘက်လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်အား ခိုးယူခဲ့ပြီး ပွင့်ဖြူမြို့နယ် ကျွဲခြံကျေးရွာ၌ ငွေကျပ် လေးသိန်းဖြင့်လည်းကောင်း ရောင်းချခဲ့ကြောင်း သိရသည်။

မျိုးသီရိ(ခ)မင်းသီရိကျော်နှင့် မိုးဝင်း(ခ)တင်မိုးဝင်းတို့အား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

**ကျော်စိုးဝင်း(ပြန်/ဆက်)**



## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

## ရွေးကောက်ပွဲကျင်းပရန် ၈၉ ရက်သာ လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး

❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-

✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ

❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်

✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်

✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

❖ သာသနာ့ဝန်ထမ်း

❖ ထောင်ဒဏ်ကျခံနေရသူ

❖ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ

❖ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ

❖ ရွေးကောက်တင်မြောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ

❖ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## မဲဆန္ဒရှင်စာရင်းများရရှိရေး တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေမှုအား တာဝန်ရှိသူများကြည့်ရှုစစ်ဆေး



**မယ်စဲ့ ဩဂုတ် ၁၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ဇူလိုင် ၂၅ ရက်မှစ၍ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများကို ကပ်ထား ကြေညာလျက်ရှိရာ လိုအပ်ချက်၊ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များ ဆောင်ရွက်ပေးလျက်ရှိနေပြီး မြို့နယ်အတွင်း ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိရေးအတွက် အဖွဲ့များခွဲကာ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေမှုအား ယမန်နေ့က ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက ကျောက်စုကျေးရွာ၊ ဟိုစဲ့ကျေးရွာ၊ တောင်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်တို့၌ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ပထမအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းများ လစ်ဟာမှုမရှိစေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် စာရင်းကောက်ယူရေးအဖွဲ့မှ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာများအရောက် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကြေညာမည့် မဲစာရင်း၌ ချို့ယွင်းချက်၊ အားနည်းချက်များမဖြစ်ပေါ်စေရေး စနစ်တကျ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ဝေသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မကွေး ဩဂုတ် ၁၀**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံး ပါဝင်မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းများ မကျန်ရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ဝေသည့် မဲဆန္ဒရှင်စာရင်းတွင် သင့်အမည်ပါဝင်ပါသလား လက်ကမ်းစာစောင်ကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူစည်ကားရာနေရာများရှိ ပြည်သူများထံသို့ ဖြန့်ဝေခဲ့ကြသည်။

အဆိုပါလက်ကမ်းစာစောင်တွင် မဲပေးခွင့်ရှိသူအနေဖြင့် မိမိအမည်မပါဝင်ပါက ပုံစံ(၃) ဖြင့် အမည်ထည့်သွင်းရန်၊ တောင်းဆိုရန်၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ရန်၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ကြရန်နှင့် မဲဆန္ဒရှင်ပြည်သူများက မဲစာရင်းများတွင် မိမိအမည်ပါ၊ မပါကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကြည့်ရှုကြရန် စသည့်အချက်များပါရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၆၈၂၈ | ၃၆၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၁၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၉၅၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၀၈ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၂ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၆၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန 　　၁၀-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၀၁၀၆၄ | ၂၆၆၄၉၈၀ | ၁၆၅၆၂၀ |
| ၂။ | ဘရာဇီး | ၃၀၃၅၅၈၂ | ၂၁၁၈၄၆၀ | ၁၀၁၁၃၆ |
| ၃။ | အိန္ဒိယ | ၂၂၆၂၂၉ | ၁၅၄၄၆၄၆ | ၄၄၅၉၇ |
| ၄။ | ရုရှား | ၈၉၂၆၅၄ | ၆၉၆၆၈၁ | ၁၅၀၀၁ |
| ၅။ | တောင်အာဖရိက | ၅၅၉၈၅၉ | ၄၁၁၄၇၄ | ၁၀၄၀၈ |
| ၆။ | မက္ကဆီကို | ၄၈၀၂၇၈ | ၃၂၂၄၆၅ | ၅၂၂၉၈ |
| ၇။ | ပီရူး | ၄၇၈၀၂၄ | ၃၂၄၀၂၀ | ၂၁၀၇၂ |
| ၈။ | ကိုလံဘီယာ | ၃၈၇၄၈၁ | ၂၁၂၆၈၈ | ၁၂၈၄၂ |
| ၉။ | ချီလီ | ၃၇၃၀၅၆ | ၃၄၅၈၂၆ | ၁၀၀၇၇ |
| ၁၀။ | စပိန် | ၃၆၁၄၄၂ | စိစစ်ဆဲ | ၂၈၅၀၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၃၆၆၃၈ | ၆၈၀၅၉ | ၂၂၉၄ |
| ၂။ | အင်ဒိုနီးရှား | ၁၂၇၀၈၃ | ၈၂၂၃၆ | ၅၇၆၅ |
| ၃။ | စင်ကာပူ | ၅၅၂၉၂ | ၄၈၉၁၅ | ၂၇ |
| ၄။ | မလေးရှား | ၉၀၉၄ | ၈၈၀၃ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၅၁ | ၃၁၆၀ | ၅၈ |
| ၆။ | ဗီယက်နမ် | ၈၄၇ | ၃၉၉ | ၁၃ |
| ၇။ | မြန်မာ | ၃၆၀ | ၃၁၂ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၅၁ | ၂၁၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၀ | ၁၉ | ၀ |

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၈၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၁၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၈၈ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

ပြန်လည် ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြန်လည်ဝင်ရောက်**

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ယနေ့ အထိ ၆၉၂၈ ဦး စုစုပေါင်း ၆၂၅၄၃ ဦးတို့ ပြန်လည် ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။



ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၅၂ ဦး၊ အမျိုးသမီး ၂၃၆ ဦး စုစုပေါင်း ၅၈၈ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ် စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် လောကညွှန့်သည် သွေးကူညီမှုအသင်း(ရန်ကုန်)က ယနေ့ နံနက်ပိုင်းတွင် (၁၅)ကြိမ်မြောက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ် တွဲလျက်ချုပ်ထားသည့် ကျန်းမာရေးအထောက်အကူပြု ကာကွယ်ရေးပစ္စည်း အခု ၅၀၀၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် နှာခေါင်းစည်း အခု ၅၀ နှင့် မျက်နှာအကာအကွယ် အခု ၅၀ တို့ကို သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်

**အေးမင်းသူ**



## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကိုကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း (သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟုခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာဌာန)**

## မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင်ရှိပါစေ



ပြောင်းသင့်တာတွေကို ပြောင်းရဲတဲ့ သတ္တိရှိပါစေ၊ မပြောင်းသင့်တာတွေကို သည်းခံနိုင်တဲ့ အင်အားရှိပါစေ၊ ဘာကို ပြောင်းသင့်တယ်၊ ဘာကို မပြောင်းသင့်ဘူးဆိုတာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင် ရှိပါစေ။

ဒီဆုတောင်းကို ကျွန်မ သိပ်ကြိုက်ပါတယ်။ ဒါပေမဲ့ 'ပြောင်းသင့်'ကိုတော့'ပြောင်းနိုင်'နဲ့ တွဲပြီး စဉ်းစားရပါမယ်။ ဒီမှာ သတ္တိနဲ့ ပညာ နှစ်ခုလုံး လိုပါတယ်။ နည်းနည်းခက်ခဲတာနဲ့ ရင်ဆိုင်ရရင်၊ 'မရပါဘူး' လို့ လွယ်လွယ်ဆုံးဖြတ်တာမျိုးက အောင်မြင်၊ တိုးတက်မှုလမ်းကို ပိတ်စေပါတယ်။ အခု ကျွန်မတို့ ကိုင်နေတဲ့ iPad ဖုန်းကိုကြည့်ပါ။ ဒါမျိုးမဖြစ်နိုင်ပါဘူးလို့ ပြောတဲ့သူတွေက အများစုဖြစ်နေတာ ဆယ်စုနှစ် အနည်းငယ်သာ ရှိပါသေးတယ်။ ဟော၊ ခုတော့လည်း ကောင်းကောင်းကြီး ဖြစ်နေပါပြီ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၄-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၁)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၇၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၁၂၁) ခု၊

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၀-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၁) ခု |
| (၁၀-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၅) ခု |
| (၁၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၈) ခု |
| (၁၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၁) ခု |
| (၁၀-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၈၈) ခု၊
- စုစုပေါင်း (၇၁၃)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၆၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၁၂) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၀၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၉-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီမှ (၁၀-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၄) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၆၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၁၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အခြေခံပညာအထက်တန်းအဆင့်သင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆန်းစစ်အကဲဖြတ်မှုအခြေအနေ

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်များ၊ အခြေခံပညာဦးစီးဌာန၊ မိဘ၊ ဆရာအသင်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့များ ဖွဲ့စည်း၍ ၁၇-၇-၂၀၂၀ ရက်နေ့မှစ၍ ၁၀-၈-၂၀၂၀ ရက်နေ့အထိ အခြေခံပညာအထက်တန်းအဆင့်ကျောင်း စုစုပေါင်း (၇၁၇၃) ကျောင်းများအနက် (၇၁၁၁)ကျောင်းတို့အား ဆန်းစစ်အကဲဖြတ်ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်သော(A အဆင့်) ကျောင်း (၄၄၇၆) ကျောင်း၊ ဖြည့်ဆည်းရန် လိုအပ်သော(B အဆင့်)ကျောင်း (၁၅၆၅)ကျောင်း၊ ဖြည့်ဆည်းရန် အထူးလိုအပ်သော (C အဆင့်) ကျောင်း(၁၀၇၀)ဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဆန်းစစ်အကဲဖြတ်မှုများကို ပြန်လည်စစ်ဆေးတွေ့ရှိချက်များအရ အချက်အလက်ပြည့်စုံမှုရှိသည့် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ၂၁-၇-၂၀၂၀ ရက်နေ့မှစ၍ ၁၀-၈-၂၀၂၀ ရက်နေ့အထိ အဆင်သင့်ဖြစ်သော (A အဆင့်) ရရှိသည့် ကျောင်းပေါင်း (၄၁၅၆) ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန် ခွင့်ပြုပြီး ဖြစ်ပါသည်။ ဆက်လက်၍ ဖြည့်ဆည်းရန် လိုအပ်ချက်ရှိသော ကျောင်းအားလုံးတို့ကို အမြန်ဆုံးပြန်လည် ဖြည့်ဆည်းပြီး ဆန်းစစ်အကဲဖြတ်မှုများ ထပ်မံဆောင်ရွက်၍ အချက်အလက် ပြည့်စုံမှုရှိပါက ဆက်လက်ဖွင့်လှစ်ရန် ခွင့်ပြုနိုင်ရေး စီစဉ်သွားမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမ်းမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပြီး ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် အကျိုးခံစားခွင့်များ ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီးဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများကို အားပေးထောက်ပံ့ပြီး ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် အကျိုးခံစားခွင့်များ ရှင်းလင်းသည်။

**ဆန်ရိက္ခာဖိုးထောက်ပံ့**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမ်းမြို့နယ်အတွင်း ယာယီတိုက်ပွဲရှောင်စခန်းအဖြစ် ဖွင့်ထားသည့် မိုးလုံလေလုံအားကစားခန်းမ(စခန်း-၁)နှင့် ပဲပဒုံစုရပ်(စခန်း-၂) တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ကြပြီး ရခိုင်နှင့် ချင်းတိုင်းရင်းသား တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ အမ်းမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်း လေးခုနှင့် နီးစပ်ရာ ဆွေမျိုးနေအိမ်များတွင် ခိုလှုံနေကြသည့် လူဦးရေ ၄၁၂၃ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၁၁၃၂၁၀၀၀ ကို တိုက်ပွဲရှောင်ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ တိုက်ပွဲရှောင်စခန်းများရှိ ထိခိုက်လွယ်အုပ်စုများတွင်ပါဝင်သော သက်ကြီးရွယ်အို ဖ၈ ဦး၊ အသက်ငါးနှစ်အောက်ကလေးသူငယ် ၃၁၂ ဦး၊ မသန်စွမ်းသူ ၂၇ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၂၃ ဦးတို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့က တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၂၉၀၀၀၀၀ ကို ပေးအပ်သည်။



ထို့အပြင် ယာယီစခန်း(၁)နှင့် စခန်း(၂)တို့တွင် လိုအပ်သော သန့်စင်ခန်း ၁၆ လုံး တည်ဆောက်နိုင်ရေးအတွက် ကုန်ကျမည့် ငွေကျပ် ၂၄ သိန်းကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုက်ပွဲရှောင်ပြည်သူများအတွက် ယာယီနေရာချထားပေးနိုင်ရန် စီစဉ်ထားသည့် ရှူခင်းသာလျာထားမြေနေရာနှင့် ပြန်လည်နေရာချထားပေးမည့် ကျားမောင်းကျေးရွာအနီး လျာထားမြေနေရာတို့ကို သွားရောက်ကြည့်ရှုကြပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံစဉ် တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် လက်ရှိဘေးဒုက္ခအပြင် ကမ္ဘာ့ကပ်ရောဂါကြောင့် အခက်အခဲများ ပိုမိုကြုံတွေ့ရသည်ကို စာနာနားလည်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အစိုးရအနေဖြင့် ပြည်သူများခံစားရသော ဘေးဒုက္ခများကို လျော့နည်းသက်သာစေရန် အထူးအစီအစဉ်အဖြစ် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)ကို ချမှတ်၍ အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်းလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဝန်ကြီးဌာနက ဆောင်ရွက်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ပေးမှုများတွင် ဦးစားပေးအဖြစ် ပါဝင်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းကို ၂၀၁၇ ခုနှစ်မှစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်ထောက်ပံ့ခြင်း အစီအစဉ်တွင်လည်း ပါဝင်ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် တိုက်ပွဲရှောင်ပြည်သူများထဲမှ ထိခိုက်လွယ်အုပ်စုများတွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်ငါးနှစ်အောက် ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကိုလည်း တစ်ကြိမ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ယာယီစခန်းများတွင် သောက်သုံးရေရရှိရေးအတွက်လည်း ရေလှောင်ကန်များကို ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သောကြောင့် ပြည်ထောင်စုစိတ်ဓာတ်ရှိကြပြီး နိုင်ငံ၏တစ်နေရာတွင် ဒုက္ခရောက်ပါက အားလုံးက ဝိုင်းဝန်းကူညီကြပါကြောင်း၊ ယင်းစိတ်ရင်းခံဖြင့် မိမိတို့ ရောက်ရှိလာကြခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ကိုယ်ချင်းစာစိတ်ရှိရန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘေးဒုက္ခခံစားရသော ပြည်သူများအား အမြဲကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ကိုယ်ချင်းစာစိတ်၊ မေတ္တာစိတ်များဖြင့် ပြည်သူများ ဘေးဒုက္ခများ လျော့နည်းသက်သာစေရေး အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားလုံး ငြိမ်းချမ်းသာယာသောဘဝများ အမြန်ဆုံးရရှိပါစေကြောင်း ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ကော့ကရိတ်မြို့၌ မိုးရာသီကာလ ဖြစ်ပေါ်တတ်သော သဘာဝဘေးနှင့် ကိုဗစ်- ၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကော့ကရိတ် ဩဂုတ် ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနသည် မိုးရာသီကာလတွင် ဖြစ်ပေါ်တတ်သော သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နှိုးဆော်ကြေညာခြင်းကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ ဒေါဖျာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေါဖျာကျေးရွာအုပ်စုအတွင်းရှိ ကော့ဖလွတ်ကျေးရွာ၊ ကော့ဘောကျေးရွာ၊ ကော့ခမိကျေးရွာ၊ ကော့ကမာကျေးရွာ၊ ကော့သံခါကျေးရွာရှိ ပြည်သူများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက မုန်တိုင်းဘေး၊ မိုးကြိုးဘေး၊ ရေဘေး၊ လေဘေးနှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးဆောင်ရန်၊ ရှောင်ရန်အချက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် နှိုးဆော်ကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့

**မကွေး ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်(CERP)ပါ လုပ်ငန်းအစီအစဉ်အရ ငါးမွေးတောင်သူများအား မျိုးငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မင်းဘူးခရိုင် ပွင့်ဖြူငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကားပြောကြားကာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက CERP Plan အရ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



**ထောက်ပံ့ပေးအပ်**

ထို့နောက် ငါးမွေးတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးမွေးတောင်သူများအား ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ကြသည်။ အခမ်းအနားတွင် ပွင့်ဖြူမြို့နယ် မှ ငါးမွေးတောင်သူများ၏ ၉၅ ဒသမ ၀၅ ဧကအတွက် ငါးသားပေါက် ကောင်ရေ ၁၉၀၁၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၀ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၁၀**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ခုနစ်ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက သုံးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၀ ဦးတို့မှာ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး သုံးဦးတို့ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်မှ တစ်ဦး၊ ကန်ကြီးထောင့်မြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မှ နှစ်ဦး၊ ကွတ်ခိုင်မြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ တစ်ဦး၊ ဟိုပန်မြို့နယ်မှ တစ်ဦးနှင့် ပန်လုံမြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၉၇၅ ဦးနှင့် အမျိုးသမီး ၆၃၇၉ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၄၃၅၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင်
ဝင်ငွေခွန်အများဆုံးထမ်းဆောင်နိုင်သည့် (ကုမ္ပဏီ) မြန်မာကုမ္ပဏီများအနက် အဆင့်(၁)အဖြစ်
**Europe & Asia Company Limited** အဆင့်(၃) အဖြစ် **E-Lan Company Limited**
တို့မှ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်
အထောက်အကူအဖြစ် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းကူညီလျက် ရှိနေသည့်အတွက်
ဂုဏ်ယူမှတ်တမ်းတင်အပ်ပါကြောင်းနှင့် လာမည့်အနာဂတ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး
နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝန်ထမ်းမိသားစုများ

**Europe & Asia International Co.,Ltd**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင်
ဝင်ငွေခွန်အများဆုံးထမ်းဆောင်နိုင်သည့် (ကုမ္ပဏီ) မြန်မာကုမ္ပဏီများအနက် အဆင့်(၁)အဖြစ်
**Europe & Asia Company Limited** အဆင့်(၃) အဖြစ် **E-Lan Company Limited**
တို့မှ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်
အထောက်အကူအဖြစ် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းကူညီလျက် ရှိနေသည့်အတွက်
ဂုဏ်ယူမှတ်တမ်းတင်အပ်ပါကြောင်းနှင့် လာမည့်အနာဂတ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး
နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝန်ထမ်းမိသားစုများ

**Europe & Asia Beverages Commercial Co.,Ltd**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင်
ဝင်ငွေခွန်အများဆုံးထမ်းဆောင်နိုင်သည့် (ကုမ္ပဏီ) မြန်မာကုမ္ပဏီများအနက် အဆင့်(၁)အဖြစ်
**Europe & Asia Company Limited** အဆင့်(၃) အဖြစ် **E-Lan Company Limited**
တို့မှ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်
အထောက်အကူအဖြစ် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းကူညီလျက် ရှိနေသည့်အတွက်
ဂုဏ်ယူမှတ်တမ်းတင်အပ်ပါကြောင်းနှင့် လာမည့်အနာဂတ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး
နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝန်ထမ်းမိသားစုများ

**High Energy Company Limited**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈ - ၂၀၁၉ စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင်
ဝင်ငွေခွန်အများဆုံးထမ်းဆောင်နိုင်သည့် (ကုမ္ပဏီ) မြန်မာကုမ္ပဏီများအနက် အဆင့်(၁)အဖြစ်
**Europe & Asia Company Limited** အဆင့်(၃) အဖြစ် **E-Lan Company Limited**
တို့မှ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်
အထောက်အကူအဖြစ် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းကူညီလျက် ရှိနေသည့်အတွက်
ဂုဏ်ယူမှတ်တမ်းတင်အပ်ပါကြောင်းနှင့် လာမည့်အနာဂတ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး
နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Daibochi Packaging Myanmar Company Limited**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈ - ၂၀၁၉ စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင်
ဝင်ငွေခွန်အများဆုံးထမ်းဆောင်နိုင်သည့် (ကုမ္ပဏီ) မြန်မာကုမ္ပဏီများအနက် အဆင့်(၁)အဖြစ်
**Europe & Asia Company Limited** အဆင့်(၃) အဖြစ် **E-Lan Company Limited**
တို့မှ နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်
အထောက်အကူအဖြစ် တစ်ထောင့်တစ်နေရာမှ ကြိုးပမ်းကူညီလျက် ရှိနေသည့်အတွက်
ဂုဏ်ယူမှတ်တမ်းတင်အပ်ပါကြောင်းနှင့် လာမည့်အနာဂတ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး
နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Unilever EAC Myanmar Company Limited**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၁၉-၂၀၂၀) ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် (အထက-၂) ဗဟန်းမှ ဆဗဟ-၄၉၆ သိပ္ပံဘာသာတွဲ (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော သမီး မမေသွင်ထူးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။ နိုင်ငံအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်နိုင်သော သမီးအလိမ္မာလေးဖြစ်ပါစေ။

- ဘိုးဘိုး ဦးသန်းဌွေး-ဘွားဘွား ဒေါ်မြင့်ခင်
- ဦးကြီး ဦးနေလင်းဦး
- ဖေဖေ ဦးမြတ်ဇော်-မေမေ ဒေါ်မြတ်သီတာသန်းဌွေး
- မောင်လေး မောင်အောင်ခန့်ကျော်
- ဦးဦး၊ ဒေါ်ဒေါ်များ

## ဒဂုံမြို့သစ်

အရှေ့ပိုင်း။ မြောက်ပိုင်း။ တောင်ပိုင်း။ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

**09-5089354**
**09-5180139**

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ မြန်မာ့ပညာရေး အောင်မြေကိုယ်ပိုင်အထက်တန်းကျောင်း (MEC)၊ ဒသမတန်းမှ မောင်အံ့စည်လျှန်း ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းဦး[၁၂/ဥကမ(နိုင်)၀၀၉၈၀၇] ဖြစ်ပါသည်။

**ဦးဇော်ဝင်းဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကောင်းမြတ်စိုး၊ စီဒီစီအမှတ်-67512 ၏ စီဒီစီ စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-789903951**

## ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာမှတ်ပုံတင်ရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်ရုံးတွင် အသုံးပြုရန်အတွက် လုံခြုံရေးဆိုင်ရာအချက်အလက်များ (Security Printing) ထည့်သွင်းပုံနှိပ်ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ အိမ်ခန်းမှတ်ပုံတင်လက်မှတ် (၂၀၀၀၀) ပုံနှိပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား (၁၂-၈-၂၀၂၀)ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - (၃၁-၈-၂၀၂၀)(၁၆:၀၀)နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - သတ်မှတ်ရက်နှင့်အချိန် ပြန်လည်အကြောင်းကြားပါမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဖုန်းနံပါတ်-၀၁-၃၈၇၂၆၂/၀၉-၄၃၁၇၃၈၀၀**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျစံပြရပ်ကွက်နေ မောင်အောင်ဖြိုးနှင့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အထကဇရပ်ကွင်း Grade-10, အခန်း(F)မှ မောင်အောင်ဖြိုးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းငွေ[၉/ပမန(နိုင်)၀၉၉၆၆၇]ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၇-၉-၁၃၃၃ဖြစ်ပါကြောင်း။

**ဦးသိန်းငွေ**

## ဖခင်အမည်မှန်

နေပြည်တော်၊ အထက(၅)Grade-6မှ မယွန်းဝတီခင်၏ ဖခင်အမည်မှန်မှာ ဦးဝဏ္ဏ[၁၂/လမန(နိုင်)၀၀၆၂၁၄]ဖြစ်ပါကြောင်း။

**ဦးဝဏ္ဏ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၅)လမ်း၊ အမှတ်(၆၁)၊ (၂)ခန်းတွဲ RC (၆)ထပ် အဆောက်အဦ၏ (မြေညီထပ်)+(ထပ်ခိုး)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်ခန်း)၊ မြေညီဧရိယာ(၅၅၂)စတုရန်းပေ+ထပ်ခိုးဧရိယာ (၂၇၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးထွန်းထွန်းလင်း[၁၂/မရက(နိုင်)၀၀၂၈၉၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုင်းသီဟဇော်[၁၃/နခန(နိုင်)၀၆၂၈၆၀]၊ ဒေါ်သူဇာဝင်းထွဋ်[၇/ပခန(နိုင်)၃၅၃၈၇၉]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းသီဟဇော်၊ ဒေါ်သူဇာဝင်းထွဋ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**Ph-09-421157856, 09-798458627**
**Level(5,6,7,8), Tower(2), HAGL Myanmar Center Tower အမှတ်(၁၉၂)၊**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇွဲဖြိုးထွန်း [၁၂/ဥကမ(နိုင်)၂၁၆၇၆၁] အမှတ်(၆၃၇)၏ မော်တော်ယာဉ်နံပါတ်(BGO/7N-9276)၏ အမည်ပေါက် အခွန်စိမ်းစာရွက် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးဇွဲဖြိုးထွန်း**
**ဖုန်း-၀၉-၇၉၅၇၅၂၇၇၉**

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့နယ်၊ အမက(၃)မူလွန်တတိယတန်း(F)မှ မောင်မင်းသုတ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးနိုင် [၁၂/ဒဂတ(နိုင်)၀၂၇၆၀၂]ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ကံ့ကော်မြိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ မမေမီမင်းစံ (ဒသမတန်း A)၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထွန်း [၁၂/လသယ(နိုင်)၀၄၁၈၅၇] ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းထွန်း**

## GW

0973226006
0973133528
0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။

၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း 09401505559
စမ်းချောင်း 253260110

AYA Bank

10th ANNIVERSARY

11.8.2020

The AYA Family would like to extend it's Heartfelt Gratitude to our Patrons and Partners who have been with us since our humble beginning. We would like to thank you for being with us and would like to extend our arms to work with you better for the years to come . . .

With Love, AYA Bank

ဧရာဝတီဘဏ် ၏ ဆယ်နှစ်တာ ဖြတ်သန်းလာခဲ့ရာမှာ အတူတကွ အားပေး အသုံးပြုသူ မိတ်ဆွေများနှင့် ဝန်ထမ်းများအား နှလုံးသားထဲမှ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြလိုပါသည်။ နောင်နှစ်ပေါင်းများစွာ အတူတကွ ဆက်လက် လက်တွဲသွားရန် ရည်သန်လျက် . . .

ချစ်ခင်စွာဖြင့် ဧရာဝတီဘဏ်

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူ ခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

KBZ MS
General Insurance

“KBZ MS အား အစဉ်ယုံကြည်အားထား
သည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း”

Domestic General Insurer
of the Year - Myanmar
KBZ MS General Insurance

Digital Insurance Initiative
of the Year - Myanmar
KBZ MS General Insurance

KBZ MS အထွေထွေအာမခံကုမ္ပဏီသည် Insurance Asia မှချီးမြှင့်သော နိုင်ငံအလိုက် အကောင်းဆုံး အထွေထွေအာမခံလုပ်ငန်းဆုများ ဖြစ်ကြသည့် Domestic General Insurer of the Year Myanmar 2020 နှင့် Digital Insurance Initiative of the Year Myanmar 2020 ဆုကြီး(၂)ဆုအား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အကောင်းဆုံး အထွေထွေအာမခံကုမ္ပဏီအဖြစ် (၄)နှစ်ဆက်တိုက်ချီးမြှင့်ခံခဲ့ရပြီး ဖြစ်ပါသည်။

KBZ MS General Insurance | 09-95 007 7000 | www.kbzms.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## “သူနာပြု-သားဖွားဒီပလိုမာ( ၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း”

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွား ဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသို့တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ [ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ (၃)ဘာသာရမှတ်ပေါင်းကို မူတည်၍ ရွေးချယ်မည် ဖြစ်ပါသည်။]

၂။ အရည်အချင်းသတ်မှတ်ချက်

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်၊ (၂၀၂၀ ပြည့်နှစ်မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်း မပြုရ၊)

(ဂ) လျှောက်လွှာပိတ်သည့်(၂၈-၁၀-၂၀၂၀) ရက်တွင် အသက်(၂၅ )နှစ်ထက်မကြီးသူဖြစ်ရမည်၊ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါမွေးနေ့သက္ကရာဇ်အတိုင်းသာအတည်ပြုမည်)

(ဃ) ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်၊

(င) အိမ်ထောင်မရှိသူ ( အပျို / လူပျို ) ဖြစ်ရမည်၊

(စ) အနည်းဆုံး အရပ်( ၅ )ပေ ရှိရမည်၊

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်၊

(ဈ) သင်တန်းတက်ရောက်စဉ် ပညာသင်ထောက်ပံ့ကြေး ( ၁ )လလျှင်ကျပ်( ၃၀၀၀၀/-) (ကျပ်သုံးသောင်း)တိတိ ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းအတွက် ကျပ်( ၈၀၀၀၀၀/- )(ကျပ်ရှစ်သိန်းတိတိ )၊ ဘက်စုံသားဖွားဒီပလိုမာ ( ၂ )နှစ် သင်တန်းအတွက် ကျပ်( ၃၀၀၀၀၀/-)(ကျပ်သုံးသိန်းတိတိ)ပေးလျော်နိုင်သူ ဖြစ်ရမည်၊

(ည) သင်တန်းအောင်မြင်ပြီး(အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်)သူများကို နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်အပ်ပါကမည်သည့်ဒေသတွင်မဆို/လိုအပ်ချက်ရှိသောတိုင်းဒေသကြီး/ပြည်နယ်တွင်အနည်းဆုံး(၃)နှစ်မပျက်မကွက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိရေးထိုးရမည်ဖြစ်သည်။

၃။ လျှောက်လွှာပေးပို့ရန်

(က) လျှောက်လွှာကို(မည်သည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်မဆို)ရယူပြီး ပြည့်စုံတိကျပီသစွာ ဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူပူးတွဲပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့်စာစစ်ဌာန တည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက်(၂၈-၁၀-၂၀၂၀ ) ရက်ထက်နောက်မကျစေဘဲ လျှောက်ထားရမည်၊(နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်း မပြုရ)

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲပေးပို့ရမည်-

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် ( မိတ္တူ ) (၁)စောင်၊

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့်တက္ကသိုလ်ဝင်တန်းအောင်ရမှတ်စာရင်း(မူရင်း) (၁)စောင်၊

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား ( မိတ္တူ ) ( ၁ )စောင်၊

၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံစာ(မူရင်း)(၁)စောင်၊

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျို ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ(မူရင်း) (၁)စောင်၊

၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန/ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ( မူရင်း ) (၁) စောင်၊

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင်(သင်တန်းတက်ခွင့် ရရှိပါက) ရာထူးမှနုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ (မူရင်း) ( ၁ )စောင်။

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ( ၁ )ပုံ ကပ်ပြီး ပေးပို့ရမည်။ ( ၆-လ အတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မိဘအမည်၊ နေရပ်များ ရေးရမည်။) (မှတ်ချက်။ ။ထောက်ခံစာများအားလုံးတွင်ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။)

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်)ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့်သင်တန်းကျောင်းသို့ပေးအပ်နိုင်ရမည်။( သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ)။

၅။ အောက်ပါအချက်များနှင့်ငြိစွန်းသည့်လျှောက်လွှာကို ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသည့် လျှောက်လွှာများ၊

(ခ) သတ်မှတ်ချက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများ၊ (လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်၍)

(ဃ) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပေးပို့သည့် လျှောက်လွှာများ။

၆။ သင်တန်းတက်ခွင့်ရ အမည်စာရင်းများကြေညာခြင်း။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(စတုတ္ထပတ်)အတွင်းအောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။

(မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး(၂)ပတ်အတွင်း သတင်းပို့တက်ရောက်ခြင်း မရှိက သင်တန်းတက်ခွင့် စာရင်းမှ ပယ်ဖျက်မည်ဖြစ်သည်။ )

၇။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံကျန်းမာရေးစစ်ဆေးမည်ဖြစ်ပြီးဆေးစစ်ချက် အောင်မြင်မှသာ သင်တန်းတက်ခွင့် အတည်ပြုမည်ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။ (သူနာပြုဌာန)(ဖုန်း-၀၆၇-၄၁၁၁၄၈၊၄၁၁၁၄၉၊လိုင်းခွဲ-၈၀၈၊၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ပြည်ထောင်စုလွှတ်တော်ရုံး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ၁၇ နေရာ (ဥပဒေပညာဘွဲ့ ၇ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့/ ကွန်ပျူတာနည်းပညာဘွဲ့ ၇ ဦးနှင့် အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်နည်းပညာ ၃ ဦး)အတွက် အောက်ပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိထားသူ-

- ဥပဒေပညာဘွဲ့
- ကွန်ပျူတာသိပ္ပံဘွဲ့/ကွန်ပျူတာနည်းပညာဘွဲ့
- အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်နည်းပညာ)

( ဂ ) ၃၁-၇-၂၀၂၀ ရက်တွင် ၂၅ နှစ်ထက် မကျော်စေရ၊

(ဃ) မဟာဘွဲ့ရရှိသူများအတွက် ၃၁-၇-၂၀၂၀ ရက်နေ့တွင် ၂၈ နှစ်ထက် မကျော်စေရ၊

( င ) ခန့်ထားခြင်း ခံရပါကအနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက် လက်မှတ်ရေးထိုးနိုင်ရမည်၊

( စ ) မဟာဘွဲ့ရရှိသူများအား ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ရေး ခြွင်းချက်ဖြင့် စဉ်းစားပေးမည်၊

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကိုဖော်ပြ၍ ကိုယ်တိုင် လက်မှတ်ရေးထိုး လျှောက်ထားရမည် -

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

( ခ ) မွေးနေ့သက္ကရာဇ်(အသက်)၊

( ဂ ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊

( င ) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင်ဇနီး/ခင်ပွန်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်၊

( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊

(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်) ၊

( ခ ) ဘွဲ့လက်မှတ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၏ထောက်ခံချက် မိတ္တူ၊

( ဂ ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဃ) တစ်နှစ်အတွင်းပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ၊

( င ) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက်မူရင်း၊

( စ ) တစ်လအတွင်း ပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်။

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀) နေပြည်တော်သို့ လိပ်မူ၍ ရုံးဖွင့်ရက်များတွင် ၉:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂၀-၈-၂၀၂၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ပြည်ထောင်စုလွှတ်တော် Website နှင့် Facebook page တွင် ၂၄-၈-၂၀၂၀ ရက် ညနေပိုင်းမှစ၍ ကြေညာမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၈-၈-၂၀၂၀ ရက်မှစ၍ ရုံးအမှတ် (၂၀) နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ကွန်ပျူတာဖြင့် ၂၉-၈-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို ၁-၉-၂၀၂၀ ရက်တွင် ပြည်ထောင်စုလွှတ်တော် website: www.pyidaungsu.hluttaw.mm နှင့် Facebook Page: Pyidaungsu Hluttaw တို့တွင် ကြေညာမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃-၉-၂၀၂၀ ရက်၊ ၉:၀၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၃ ပါ စာရွက် စာတမ်း မူရင်းများတင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး၊ ၀၆၇-၅၉၁၂၉၄၊ ၀၆၇-၅၉၁၆၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၂၈-လမ်း(အောက်)၊ အမှတ်(၅၇)၊ ဧရိယာ(၁၂၅၀)စတုရန်းပေရှိ (၈ ၁/၂ )ထပ် တိုက်အဆောက်အုံ၏ PENT HOUSE ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်မင်းဦး[၁၂/ပဘတ(နိုင်)၀၃၁၀၀၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင် [၁၂/ပဘတ(နိုင်)၀၃၂၃၉၈]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေဟန်နီမျိုးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၇၆၅)**
**အမှတ်-၁၇၅၊ ၃၄-လမ်း (အပေါ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၄၅၀၇၀၀၀၇၂**

**ဒေါ်ခိုင်ခိုင်ဇော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၈၉၀)**
**အမှတ်-၆၀၆၊ဝေဇယန္တာအနောက်(၁၃)လမ်း၊ ၆-အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၉၅၃၅၄၇၊**
**၀၉-၆၆၄၃၆၂၇၀၉**

# ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်များ Golden World Investment (Myanmar) Co.,Ltdကုမ္ပဏီသည် COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် လုပ်ငန်းစတင်ရန် အခက်အခဲများရှိနေသည့်အတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့်အတိုင်း ရှယ်ယာတန်ဖိုးကို မထည့်ဝင်နိုင်သောကြောင့်ရှယ်ယာအစောင်ရေ (၉၆)စောင် လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**Golden World Investment (Myanmar)Co.,Ltd**

## ဦးမျိုးမင်းသိန်း
### အသက်(၄၉)နှစ်
**Procurement Manager, Excellent Unity Co.,Ltd.**
**T.T.C ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက်(၃၁၆)၊ အခန်း(၇)နေ (ဦးခင်မောင်ရင်)-Dr.သန်းသန်းသွင်တို့၏ သားကြီး၊ ဦးဇော်မျိုးထွန်း-ဒေါ်သင်းပုံ့အေးတို့၏ အစ်ကို ဦးမျိုးမင်းသိန်းသည် ၁၀-၈-၂၀၂၀ ရက် ည ၇:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစန်းတင့်အောင် (ငြိမ်း)(ထားဝယ်)
### အသက် (၉၀)

ဦးစိုင်းသီဟအောင်-ဒေါက်တာချောချောစိန် (ပါမောက္ခ၊ ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်) တို့၏ဖခင် ဗိုလ်မှူးစန်းတင့်အောင်(ငြိမ်း) (ထားဝယ်) အသက်(၉၀) သည် ၉-၈-၂၀၂၀ ရက် ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတကာဆက်ဆံရေးပညာဌာန**
**ရန်ကုန်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးရွှေလှ (စစ်တွေ)
လက်ထောက်ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ငြိမ်း
တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ၊ ထွန်းကော်မာရှယ်ဘဏ်
### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာ၊ အမှတ်(၂၆၀)၊ တိုက်(က)၊ အခန်း(၁)နေ ဦးရွှေလှ (တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ၊ ထွန်းကော်မာရှယ်ဘဏ်) အသက် (၈၆)နှစ်သည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**ထွန်းကော်မာရှယ်ဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယိကာမကြီး**
### ဒေါ်နန်းထွမ်းရင်
**ဒုညွှန်မှူး (ငွေ)၊ (ငြိမ်း)**
**အမှတ်(၁) သတ္တုတွင်းဝန်ကြီးဌာန**
### အသက် (၇၅) နှစ်

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (၅/၉၉)နှစ်မှ သူငယ်ချင်း ဒေါက်တာဇော်သန့်လွင်၏မိခင်ဖြစ်သူ ဒေါ်နန်းထွမ်းရင် အသက်(၇၅) နှစ်သည် ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**(၅/၉၉) ကျောင်းသား/ကျောင်းသူဟောင်းများ**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ အဖ ဦးအောင်မြတ်ထွန်း၏သားဖြစ်သူ ဦးမြတ်သူ[၁၂/အစန(နိုင်)၀၀၁၀၂၇] အား ဦးသတိုးအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဦးသတိုးအောင်

## အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ အမက (၁၀)တွင် ပညာသင်ကြားနေသော မောင်အောင်ကိုကိုမြတ် အား မောင်ပြည့်ဟိန်းကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။

## သွေးသည် အသက်

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်
## အသားထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားနိုင်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၁-၁၀-၂၀၂၀ မှ ၃၀-၉-၂၀၂၁)ရက်နေ့ထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် အသားထုတ်လုပ်ရုံများဌာနက သတ်မှတ်ထားသော သတ်ရုံနှင့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင်(ကျွဲ၊ နွား၊ သိုး၊ ဆိတ်)ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်၊ လှိုင်သာယာ၊ (သိုး၊ ဆိတ်)ရွှေပြည်သာ၊ မြို့နယ်တွင်းအသားထုတ်လုပ်ခွင့်(ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တိုမြို့နယ်/ကျွဲ၊ နွား) လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် (၃၀၀၀ိ/-)နှုန်းဖြင့် (၂၄-၈-၂၀၂၀)ရက်နေ့မှစ၍ တိရစ္ဆာန်ဆေးကုနှင့်အသားထုတ်လုပ်ရုံများဌာန (ရုံးချုပ်)၊ (၁၂)ထပ်ခွဲရုံး၊ သတ္တမထပ်၊ (၄၆)လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင်ဝယ်ယူပြီး(၃၁-၈-၂၀၂၀) ရက်နေ့ နောက်ဆုံးထားပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**တိရစ္ဆာန်ဆေးကုနှင့်အသားထုတ်လုပ်ရုံများဌာန**

## ဒေါ်ခင်ညွန့်
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဖိုးရာဇာလမ်းနေ (ဦးဘဖေ-ဒေါ်ချို)တို့၏ သမီး၊ (ဦးကျော်ဖံ-ဒေါ်ဒါဦးဖြူ)တို့၏ သမီးချွေးမ၊ [ဦးကျော်(ယစ်မျိုးအရာရှိ)]၏ ချစ်လှစွာသောဇနီး၊ [ဦးငွေဝင်း (မြန်မာ့ရေနံ)] - ဒေါ်တင်တင်ဦး (မြန်မာ့ရေနံ)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မဆွေဆွေထိုက်၊ ဦးအုန်းဝှဲ နာမ်-မဝင်းဝင်းမာတို့၏ ချစ်လှစွာသောအဘွားသည် ၈-၈-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘဝင်း
**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)၊ အင်္ဂလိပ်စာနည်းပြဟောင်း၊ ရန်ကုန်တက္ကသိုလ်**
**အသက် (၈၆) နှစ်**

ဖြူးမြို့၊ မြွေတွင်းရွာနေ (ဦးကျော်သူ-ဒေါ်နှင်း)တို့၏သား၊ အငြိမ်းစားတိုင်းမင်းကြီး (ဦးစိန်ချော-ဒေါ်မြနွဲ့)တို့၏ သားသမက်၊ (ဒေါ်ခင်ဝင်းရီ)၏ ခင်ပွန်း၊ (ဦးကျော်စိုးဝင်း)-ဒေါ်ညိုညိုဆန်း၊ ဦးဇော်မျိုးဝင်း၊ ဦးကျော်စွာဝင်း-ဒေါ်အေးမွန်မြင့်တို့၏ဖခင်၊ မချောဆုဆုဝင်း၊ မခင်သီရိသော်၊ မောင်နေရွှေသွေးနိုင်တို့၏ အဘိုးသည် ၁၀-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း (ပန်းချီ/ဒီဇိုင်း)
**အသက်(၈၂)နှစ်**
**အထည်စက်ရုံအမှတ်(၄)၊ စက်မှု(၁)ဝန်ကြီးဌာန**
**(နာယကကြီး) တာမွေကြီးပွားရေးဓမ္မာရုံ**

အမှတ်(၁၂)၊ မြေညီ၊ (၁၅၅)လမ်း၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ကျည်းတန်၏ခင်ပွန်း၊ ကိုမိုးကျော်-မဖြိုးဖြိုးသွင်တို့၏ဖခင်၊ မောင်ဟိန်းနိုင်စိုး၏အဘိုးသည် ၇-၈-၂၀၂၀ (သောကြာနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်အေးအေး (Rosie)**
**အသက်(၉၁)နှစ်**

ဗိုလ်မှူးချုပ်မျိုးသိန်းကျော်-ဒေါ်ထူးထူးအေးတို့၏မိခင်ကြီး ဒေါ်ခင်အေးအေး(Rosie)သည် ၉-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ**
**အရာရှိများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးရွှေလှ (စစ်တွေ)**
**လက်ထောက်ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ငြိမ်း**
**တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ၊ ထွန်းကော်မာရှယ်ဘဏ်**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာ၊ အမှတ်(၂၆၀)၊ တိုက်(က)၊ အခန်း(၁)နေ ဦးရွှေလှ (တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ၊ ထွန်းကော်မာရှယ်ဘဏ်) အသက်(၈၆)နှစ်သည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းထွန်း**
**ဥက္ကဋ္ဌ၊ ထွန်းကော်မာရှယ်ဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဲမှူးဝင်းမောင် (ငြိမ်း)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ရီရီထွေး ၏ ခင်ပွန်း ရဲမှူးဝင်းမောင်(ငြိမ်း)သည် ၈-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းတပ်ဖွဲ့ဝင်ဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်မာမာအေး**
**အသက်(၆၀)**
**အင်ဂျင်နီယာမှူး (ဆောက်လုပ်ရေးဌာန၊ ထောက်ရှာပင်ရေနံမြေ)**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဈေးရပ်ကွက်နေ (ဆရာကြီးဦးခင်စိုး-ဒေါ်တင်အေး)တို့၏ သမီး၊ ကိုကျော်ဆန်းဝင်း-မအိသွဲ့ဖြူ၊ ကိုဇော်ဝင်းထွန်း-မသူသူခင်တို့၏မိခင် ဒေါ်ခင်မာမာအေး (အင်ဂျင်နီယာမှူး၊ ဆောက်လုပ်ရေးဌာန-ထောက်ရှာပင်ရေနံမြေ) အသက်(၆၀)သည် ၉-၈-၂၀၂၀ ရက် နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အထက သူငယ်ချင်းဟောင်းများအဖွဲ့**
**မြို့သစ်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ဦးမြစိန် (မင်းပြားမြို့)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် (၆၆/လေးလွှာ၊ အေ)နေ (ဦးအောင်သာလှ)၏ ဇနီး၊ ဒေါ်မြအေးခင်၊ (ဦးစံထွန်း)-ဒေါ်နီနီဝင်း၊ (ဦးသန်းထွန်း)-ဒေါ်မလှသိန်း၊ ဒေါ်စိုးစိုးအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်ကျော်ဆန်းမင်း၊ မောင်ဇော်ဇော်ထွန်းတို့၏ အဘောင်ရှင်သည် ၁၀-၈-၂၀၂၀ ရက် နံနက် ၄:၂၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
**ဦးစောတာပုလဲ**
**ငွေစာရင်းဦးစီးအရာရှိ (ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဒေါ်လှပန်းလမ်း၊ အမှတ်(၉)နေ (ဦးကျော်ခင်-ဒေါ်အေးချို)တို့၏သား၊ ဒေါ်ခင်ခင်နု၏ခင်ပွန်း၊ ဒေါ်သန့်သန့်မြတ်-ဦးတိုနီ၊ စောသခူ-နော်မဥ္ဇူကြင်တို့၏ဖခင်၊ ခန့်မင်းပိုင်(ခ) Wan Wan ၏အဘိုးသည် ၁၀-၈-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရီ
**အသက် (၇၈) နှစ်**

ဖြူးမြို့၊ ဆေးရုံပိုင်း၊ ဘောလုံးကွင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁၁၆)နေ (ဦးစံဖိုး-ဒေါ်တင်မြ)တို့၏ သမီး၊ (ဦးစိုးလှိုင်)၏ ဇနီး၊ ဦးခင်ထွေး-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမြင့်ဦး(မြဝတီမြို့နယ်ပညာရေးမှူး)-ဒေါ်ခင်ထွေးရီ(ထက်ပြ၊ အထက-ရေနီ)၊ (ဦးမြင့်နိုင်-ဒေါ်မိုးမိုး)၊ (ဦးဖွန်မန်)-ဒေါ်ချိုချိုမြင့်၊ ဦးကျော်လှိုင်မင်း-ဒေါ်တင်တင်မြင့်(အမက-တပ်ကွင်း၊ ဖြူး)၊ ဒေါ်စိုးစိုးသန်း၊ ဦးမြတ်စည်သူထွန်း-ဒေါ်ငွေငွေလှိုင် (အထက-ဇေယျဝတီ)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ရှစ်ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် မြဝတီမြို့၊ ဟေမာန်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နုနုအေး(ခ) မင်နီချစ်
**အသက်(၇၁)နှစ်**
**(ထ-၁၀၊ တာမွေ/ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝ၊ မုဒိတာအိမ်ရာ(၂)၊ အမှတ် (၂ဘီ-၅၂၈)နေ ဦးချစ်-ဒေါ်စိန်ဟန်တို့၏ သမီး၊ ဦးတင့်အောင်-ဒေါ်ခင်မျိုးလွင်၊ ဦးခင်အောင်-ဒေါ်ခင်ယုဝေ၊ ဦးတိုးအောင်-ဒေါ်ဥမ္မာလှိုင်၊ (ဦးညိုအောင်)-ဒေါ်ခင်သက်သက်တို့၏အစ်မ ဒေါ်နုနုအေး(ခ)မင်နီချစ်သည် ၁၀-၈-၂၀၂၀ (တနင်္လာနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းမေ
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ (၄၃)လမ်း၊ တိုက်(၁၂၉)၊ ဒုတိယထပ်နေ (ဦးစံမြိုင်-ဒေါ်လှမေ)တို့၏သမီးကြီး၊ (ဦးခင်မြင့်-ဒေါ်တင်စန်းမေ)၊ ဦးမြင့်ဆွေ-ဒေါ်နီနီစံ၊ ဦးကျော်နိုင်-ဒေါ်ငွေငွေအောင်တို့၏အစ်မ၊ ဦးလင်းဇော်-(ဒေါ်အိဖြူစံ)၊ ကိုအောင်ကျော်လတ်-မမျိုးမမဟန်၊ ကိုဇာနည်ဦး၊ မမြတ်ဆုစံ-ဗိုလ်ကြီးဇော်ကိုလတ်၊ ကိုရှိုင်းလင်းကျော်တို့၏ကြီးတော်၊ မကျော့သီရိစံ(ခ) ခြိမ့်ခြိမ့်၊ မဟန်နန်းစံ၊ မောင်လပြည့်ထွန်းတို့၏ဘွားဘွားကြီး ဒေါ်ခင်စန်းမေသည် ၁၀-၈-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ယာနှိုင်းနန်းညို**
**အသက် (၈၇) နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးစိုင်းနွံ (အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေအိမ်နှင့်သားများ ကုမ္ပဏီလီမိတက်)၏မွေးသမိခင် ယာနှိုင်းနန်းညို အသက်(၈၇)နှစ်သည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး**
**ကုန်သည်များအသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးရွှေလှ (စစ်တွေ)**
**အသက်(၈၆)နှစ်**
**လက်ထောက်ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံတော်ဗဟိုဘဏ်-ငြိမ်း)**
**တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ၊ ထွန်းကော်မာရှယ်ဘဏ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာ၊ အမှတ်(၂၆၀)၊ တိုက်(က)၊ အခန်း(၁)နေ (ဦးမဲအောင်-ဒေါ်စိန်လှဦး)တို့၏ သား၊ (ဦးရွှေစောဖြူ-ဒေါ်ကျော့စိန်)တို့၏ သားသမက်၊ (ဦးရွှေထွန်းအောင်)-ဒေါ်ခင်လှတို့၏ ညီ၊ (ဦးသာထွန်းအောင်)-ဒေါ်စိန်မြခိုင်တို့၏ အစ်ကို၊ ဒေါ်လှသိန်း၏ခင်ပွန်း၊ ဒေါ်ခင်မိုးဦး(မန်နေဂျာ၊ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဒေါ်ခင်နှင်းဝေ (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)တို့၏ ဖခင်၊ တူ/တူမ ၁၂ ယောက်တို့၏ ဘကြီး/ဦးလေး ဦးရွှေလှသည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးကြေညာအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
**ဒေါ်ခင်အေးအေး (Rosie)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၀)၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါက်တာဦးယဉ်ထွန်း (လပွတ္တာမြို့နယ်အသင်း၏ နာယကကြီး၊ သက်ကြီးကန်တော့ခံအဘိုး)၏ ဇနီးသည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ရဟန်းဒါယကာကြီး
**ဦးအောင်သန်းမြင့် (တောင်တွင်းကြီးမြို့)**
**လ/ထမန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၁၆၀)၊ ရဲရန်နိုင်လမ်း၊ (၃၆) ရပ်ကွက်နေ (ဦးသန်း-ဒေါ်ရင်မေ)တို့၏သား၊ (ဦးညို-ဒေါ်ခင်မေ)တို့၏ သားသမက်၊ ဒေါ်စပယ် (အလပြ-ငြိမ်း)၏ခင်ပွန်း၊ ဦးတင်မြတ်(ဦးစီးအရာရှိ-သစ်တောဦးစီးဌာန၊ လှိုင်းဘွဲ့မြို့)-ဒေါက်တာကြည်သာဦး (ပါမောက္ခ၊ ကွန်ပျူတာတက္ကသိုလ်၊ သထုံမြို့)၊ ဦးဥက္ကာ(ဦးစီးအရာရှိ-ဆည်မြောင်းဦးစီးဌာန၊ တိုက်ကြီးမြို့)-ဒေါ်မြအေးချမ်းအောင်(ကထိက၊ ရေကြောင်းတက္ကသိုလ်၊ သန်လျင်မြို့)၊(ဦးရန်မျိုးအောင်)၊ ဦးဇင် မင်းဦး-ဒေါ်ယဉ်မူယာအောင်(စိန်စိန်တိုးဆီစက်၊ မန္တလေးမြို့)၊ ဒေါ်အေးစန္ဒီအောင်(ဦးစီးအရာရှိ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)တို့၏ဖခင်၊ မြေးငါးယောက် တို့၏အဘိုးသည် ၁၀-၈-၂၀၂၀ (တနင်္လာနေ့) နံနက် ၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောတင့်
**အသက်(၆၆)နှစ်**
**B.Sc, MSC (Zoology), HGB**
**အထက(၄)၊ အင်းစိန် (အထက်တန်းပြ-ငြိမ်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ(၂)၊ ခရေ(၄)လမ်း၊ (၀၀၄-၃၂)နေ ဦးသုခဗလ (Second Officer FG)၏ ဇနီး၊ ကိုသုနေဝင် (Temasek Poly)၏ မိခင်သည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ခိုင် (ဦးခိုင်ကြီး) (ဟင်္သာတမြို့)
**မေတ္တာမွန် အိတ်ဆိုင်**
**B.Sc, Physics, H.G.P**
**အသက်(၆၁) နှစ်**

ဟင်္သာတမြို့၊ ဘုရားကြီးရပ်၊ (၂) လမ်း၊ အမှတ်(၁၀၃)နေ [ဦးတင်အေး-ဒေါ်တင်တင်(ကျားခေါင်းကြောင်ခေါင်းဖိနပ်လုပ်ငန်း)]တို့၏ သားလတ်၊ (ဦးချစ်ထွန်း-ဒေါ်ပြုံး)တို့၏ သားသမက်၊ (ဦးမြင့်ဦး)-ဒေါ်တိုးတိုးရှင်တို့၏ညီ၊ ဦးသန်းစိုး-ဒေါ်မြမြတို့၏အစ်ကို၊ ဒေါ်မြင့်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခိုင်ဆုဝေ (ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ်)၊ ဦးနေမျိုးကျော်၊ ဒေါ်ထက်ထက်အောင်တို့၏ဖခင်၊ မမေထက်မျိုးကျော်၏အဘိုး ဦးအောင်ခိုင်သည် ၁၀-၈-၂၀၂၀ ရက်တွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
**မောင်မြင့်မြတ်ဟန် (ခ) ကိုဖိုးမြတ်**
**B.Sc (Maths)**
**Branch Manager (Yangon)**
**Southeast Express Trading Co.,Ltd (Thailand)**
**သရဖီလမ်းဆွမ်းလောင်းအသင်း-ဒုဥက္ကဋ္ဌ**
**အထက-၅ အလုံကျောင်းသားဟောင်း**
**အသက် (၄၇) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၃၄)နေ [ဗိုလ်ကြီးမြင့်ဟန် (ကကဆက်-ငြိမ်း၊ အထပြ၊ ထ/၅၊ အလုံ-ငြိမ်း)]-ဒေါ်လှကြည် (အထက်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)တို့၏သားလတ်၊ ဦးတိက္ခဉာဏ (ခ) ဦးတင်အောင်-(ဒေါ်ခင်ခင်)တို့၏သားသမက်၊ မအေးလှဟန်၏မောင်၊ မောင်ကျော်စိုးဟန်(ခ)ကိုဖိုးဝ၏ညီ၊ မောင်ကျော်မိုးဟန်(A & S)၊ မဇာဇာဟန်(ထ-၂၊ လသာ)-[မောင်တင်ညီညီလတ်ထွေး(ခ)ကိုဖိုးညီ]၊ မရွှေလှဟန်-မောင်အောင်မျိုးသန့် (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောအစ်ကို၊ မကေသီအောင်(ခ)ပေါက်ပေါက်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ချစ်ဉာဏ်လင်း(ခ)တီးတုန် (အလက-၁၊ ဒဂုံ)၏ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မမေသူအောင်၊ မရွှေသူအောင်၊ မောင်ခန့်ပိုင်အောင်တို့၏ဦးလေး မောင်မြင့်မြတ်ဟန်(ခ)ကိုဖိုးမြတ်သည် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) ည ၉:၂၀ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**
တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ■



# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၀**
၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လာရောက်ကြည့်ရှုနိုင်ရန် ပညာရေးဝန်ကြီးဌာနက ယနေ့ ထုတ်ပြန်ကြေညာသည်။

ထိုသို့ထုတ်ပြန်ရာတွင် နေပြည်တော်ကောင်စီနယ်မြေရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တာဝန်ကျဆရာ၊ ဆရာမများ၏ ကြီးကြပ်မှုဖြင့် လာရောက်ကြည့်ရှုသူ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ကြည့်ရှုနိုင်ရန် စီစဉ်ထားပြီး ယနေ့နံနက် ၉ နာရီမှစတင်၍ အောင်စာရင်းများကို ထုတ်ပြန်ကြေညာထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖



တနင်္သာရီမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းလာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး၌ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူ ၁၀ သိန်းကျော်ရှိ

**မန္တလေး ဩဂုတ် ၁၀**
နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်တွင် ကပ်ထားကြေညာထားရာ မန္တလေးတိုင်းဒေသကြီးမှ အသက် ၁၈ နှစ်ပြည့်သည့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၄၅၇၈၈၀၀ ကျော်ရှိပြီး ဩဂုတ် ၉ ရက်အထိ လာရောက်ကြည့်ရှုသူ ၁၀ သိန်းကျော်ရှိကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်တောင်းဆိုရန် လျှောက်ထားသူ ၁၃၀၀၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများကို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂



**ကြေးမုံ ယနေ့ ဖတ်စရာ**

## ဖခင် ဒေါက်တာဦးစံဘော်၏ အရိုးခွဲစိတ်ကုသပညာဆိုင်ရာ ဖြည့်ဆည်းလုပ်ဆောင်ချက်အချို့

ဆောင်းပါး စာမျက်နှာ » ၆

---

## ကိုကိုးကျွန်းမြို့နယ်သို့ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

စာမျက်နှာ » ၇

---



## လက်ဘနွန်ပြည်သူများအား ယူရိုသန်း ၂၅၀ ကျော် ထောက်ပံ့ရန် ကမ္ဘာ့ခေါင်းဆောင်များ ကတိပြု

စာမျက်နှာ » ၁၃

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၁၀**
ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ